၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.845, December 18, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗာဂျီးနီးယားတက္ကသိုလ်မှ ကျောင်းသားများဆွေးနွေးချက်

### (တတိယ) ပိုင်း

**RFA၊ ဒီဇင်ဘာ ၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီယားပြည်နယ် နည်းပညာတက္ကသိုလ် Virginia Tech ကျောင်းသူကျောင်းသားတွေနဲ့ အင်တာနက်ဗွီဒီယိုကနေ တိုက်ရိုက်ဆွေးနွေးချက်ကို ဒီတပတ် တတိယပိုင်းအနေနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။

အင်တာနက်စနစ်သုံးပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျောင်းသားတွေ ရုပ်မြင်သံကြားပေါ်က တိုက်ရိုက် အမေးအဖြေပြုလုပ်ခဲ့ကြတဲ့ Virginia နည်းပညာတက္ကသိုလ်ဟာ အမေရိကန်ပြည်ထောင်စု Virginia ပြည်နယ် အနောက်တောင်ပိုင်းက ဘလက်စ်ဘာ့ဒ် မြို့ကလေးမှာရှိပါတယ်။

ဝါရှင်တန်ဒီစီမြို့တော်ကနေ မိုင် ၃၀၀ နီးပါးဝေးတဲ့အတွက် ကားနဲ့ ၅ နာရီနီးပါး ခရီးသွားရပါတယ်။ ခမ်းမတခုလုံးပြည့်နေတဲ့ ကျောင်းသူကျောင်းသား ၃၀၀၀ ကျော်ဟာ အားရဝမ်းသာ ကျယ်ကျယ်လောင်လောင် အားပေးကြပေမယ့် စည်းမဲ့ကမ်းမဲ့ အော်ဟစ်တာမျိုးတွေ တခြားလူကို အနှောင့်အယှက်ပေးတာမျိုးတွေ လုံးဝမရှိခဲ့ပါဘူး။ တာဝန်ကျတဲ့ရဲ အရာရှိတွေဟာ ပွဲကိုထိန်းစရာမလိုတော့တဲ့အတွက် သူတို့ကိုယ်တိုင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပရိသတ်ဖြစ်သွားခဲ့ကြပါတယ်။

**ကျောင်းသူ ။** ။ ဒေါ်အောင်ဆန်းစုကြည်ပါတီ ရွေးကောက်ပွဲနိုင်ရင် ဘာတွေ အရင်ဆုံးလုပ်မလဲလို့ မေးလိုက်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ကျမတို့ပါတီရဲ့ ကိုယ်စားလှယ်တချို့ အရွေးချယ်ခံရလို့ အမျိုးသားလွှတ်တော်တက်ခွင့်ရမယ်ဆိုရင် ပထမဦးဆုံး ဆောင်ရွက်မှာကတော့ ပြည်သူတွေအတွက် အကျိုးရှိမယ့် အဆိုပြုချက်တွေကို တင်သွင်းမှာပါဘဲ။ ကျမတို့အထူးဦးစားပေးဆောင်ရွက်ချင်တာကတော့ ပညာရေးနဲ့ကျန်းမာရေးပါ။ ပြီးတော့ တရားဥပဒေစိုးမိုးရေးလည်း မှချပါရပါလိမ့်မယ်။

တရားဥပဒေစိုးမိုးရေးနဲ့ လွှတ်လပ်တဲ့တရားစီရင်ရေးစနစ် မရှိဘူးဆိုရင်လူတွေဟာ သူတို့ကို ဘယ်အချိန်မှာ ဘာ့ကြောင့်ဖမ်းပြီး ဘယ်လိုအပြစ်ပေးတယ်ဆိုတာ သိခွင့်မရနိုင်တဲ့အတွက် လုံခြုံမှုကင်းမဲ့နေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအဆောက်အဦးတွေ အုတ်မြစ်ချရင် မြန်မာပြည်ရဲ့ ကျန်းမာရေးနဲ့ပညာရေးတိုးတက်အောင်ကြိုးပမ်းမှာဖြစ်ပါတယ်။

**ကျောင်းသား ။** ။ ကျနော်တို့အများကြီး စာနာ နားလည်နိုင်ပါတယ် ဘာတွေကူညီနိုင်မလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ရှင်တို့အခုလို ကျမကို ဆက်သွယ်ပြောဆိုနေတာကိုက တနည်းအားဖြင့် ကူညီနေတာပါဘဲ။ ကျမ အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။ မြန်မာပြည်ကိုလာလည်ပြီး ကျမတို့ ဒီမိုကရေစီလူ့ဘောင်တရပ်ပေါ်ထွန်းရေးအတွက် ဘယ်လိုဆောင်ရွက်နေကြတယ်ဆိုတာ ကြည့်ရှုအားပေးကြဖို့ဖိတ်ခေါ်ပါတယ်။

ရှင်တို့ကူညီနိုင်တဲ့ နည်းလမ်းပေါင်း မြောက်များစွာရှိပါတယ်။ အထူးသဖြင့် ကျမတို့ကို ပညာရေးအတွက်ကူညီပါ။ ကျမတို့ မြန်မာကျောင်းသားတွေကို ရှင်တို့တက္ကသိုလ်က ပညာသင်ဆုတချို့ပေးဖို့ စဉ်းစားချင်ပါတယ်။ ရှင်တို့ရဲ့ပထဝီပါမောက္ခမစ္စတာဗွိုင်ယာလို ပုဂ္ဂိုလ်တွေ ဆရာတွေကိုလည်း ကျမတို့နိုင်ငံကိုစေလွှတ်ပေးစေချင်ပါတယ်။

**ကျောင်းသူ ။** ။ နိုင်ငံရေးကဏ္ဍမှာ ကုန္ဒြိယတွေပိုမိုပါဝင်ခွင့်ရမယ်ဆိုရင် တိုင်းပြည်အတွက် ပိုပြီးအကျိုးရှိမယ် ထင်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ဘယ်ကဏ္ဍမှမဆို အမျိုးသမီးတွေပိုမိုပါဝင်ခွင့်ရမယ်ဆိုရင် ဒီကမ္ဘာတခုလုံး ပိုကောင်းလာမှာပေ့ါ။ မြန်မာ့နိုင်ငံရေးမှာ အမျိုးသမီးတွေပိုမို ပါဝင်ခွင့်ရအောင် ကျမတို့ကြိုးစားနေပါတယ်။ ရှင်တို့ သိတဲ့အတိုင်း နိုင်ငံခြားရေးဝန်ကြီးမစ္စစ်ကလင်တန်ကိုကျမအခုလတ်

စာမျက်နှာ ၆ သို့


| | | | | | |
|---|---|---|---|---|---|
| **ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်ရှိ တရုတ်သံအမတ်ကြီးတွေ့ဆုံဆွေးနွေး** | **ကလေးသူငယ် ကူးသန်းရောင်းဝယ်မှု လူသားမဆန်တဲ့ ပြစ်မှုဟု ဒေါ်စုပြောဆို** | **ကုလသမဂ္ဂအရာရှိတချို့ ကချင်ပြည်နယ် လိုင်ဇာမြို့ကို ရောက်ရှိ** | **မြန်မာ့အရေး အမေရိကန်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တရုတ်စိတ်ဝင်စားဟုဆို** | **ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ်ဇန်နဝါရီလဆန်း မြန်မာပြည်သွားမည်** | **ရွှေညဝါဆရာတော် ကိစ္စ ဒေါ်အောင်ဆန်းစုကြည် အထူးစိုးရိမ်ပူပန်နေ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၄** | **စာမျက်နှာ ၁၉** |

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ အမှတ်တံဆိပ် ကြေညာ

**VOA | ဒီဇင်ဘာ ၁၂ ။** ။ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာသုံးမယ့် ပါတီရဲ့ အမှတ်အသားသစ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကကြေညာလိုက်ပါတယ်။ မြန်မာအစိုးရပိုင် သတင်းစာထဲမှာ တနင်္လာနေ့က ဖော်ပြလိုက်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သင်္ကေတကြေညာချက်ထဲမှာ ပါတီအလံနဲ့သဏ္ဌာန်တူတဲ့ အနီရောင် အောက်ခံပေါ်မှာရွှေဝါရောင် ခွပ်ဒေါင်းက ကြယ်ဖြူကို ဦးတိုက်ထားတဲ့ပုံကို ဖော်ပြထားပါတယ်။ တခြားပါတီတချို့က အရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခမောက်တံဆိပ် အမှတ်အသားကို သုံးစွဲလာခဲ့တာမို့ ခြားနားမှုရှိအောင် အခုလို တံဆိပ်အသစ်ထုတ်ပြန် သုံးစွဲရတာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆိုပါတယ်။ ဒီအကြောင်းကို ကိုဝင်းမင်းက မေးမြန်းတင်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မြန်မာ့လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေး လှုပ်ရှားမှုတွေမှာ ကျောင်းသားတွေကို ကိုယ်စားပြုခဲ့တဲ့ ခွပ်ဒေါင်းပုံရိပ်ကို ပါတီရဲ့ ရွေးကောက်ပွဲတံဆိပ်အဖြစ် သုံးဖို့ ရွေးချယ် ထုတ်ပြန်လိုက်ပါတယ်။ အခုလို ရွေးချယ်လိုက်တာကို ပြီးခဲ့တဲ့အပတ်က လုပ်ခဲ့တဲ့ NLD ပါတီရဲ့ ဗဟိုအလုပ်မှုဆောင် အစည်းအဝေးကနေ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ NLD ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ဆိုပါတယ်။ NLD ရဲ့ ဒီ ရွေးကောက်ပွဲ တံဆိပ်မှာ NLD အလံမှာပါတဲ့ပုံနဲ့ အတူတူပဲဖြစ်တယ်၊ ကွဲတာက တံဆိပ်အောက်ပိုင်းမှာ အပြာရောင်နဲ့ရေးထားတဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ ထပ်ပါတာပဲ ဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြော ပါတယ်။

အရင်က NLD အနေနဲ့ ၁၉၉၀ ခုနစ် ရွေးကောက်ပွဲတွေမှာ အပြတ်အသတ် အနိုင်ရခဲ့တုန်းကတော့ မြန်မာနိုင်ငံမှာ လူဦးရေအများဆုံးဖြတ်တဲ့ လယ်သမားတွေကို ကိုယ်စားပြုတဲ့ ခမောက်တံဆိပ်ကို ရွေးကောက်ပွဲမှာ အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ ဘာကြောင့် အခုလိုတံဆိပ်သစ်ပြောင်းပြီး ကြေညာခဲ့ရတယ်ဆိုတာကို ဦးဉာဏ်ဝင်းက အခုလိုရှင်းပြပါတယ်။

"အခုဆင်တူယိုးမှား ခမောက်ရှိတယ်။ ခမောက်သုံးလုံးရှိတယ်။ တခြားပါတီတွေက ရွေးကောက်ပွဲ သင်္ကေတတွေပေ့ါ။ အဲဒီတော့ ကျနော်တို့နဲ့ ခမောက်သင်္ကေတနဲ့မဆိုင်ဘူးလို့ ကြေညာဖို့လိုအပ်တယ်လို့ ယူဆတာ။ အဲဒါကြောင့် NLD ဟာ ရွေးကောက်ပွဲအမှတ်တံဆိပ်အဖြစ် ခမောက်ကို အခုမသုံးတော့ဘူး။ အခု NLD ရဲ့ ပါတီအမှတ်တံဆိပ်ဟာ ခွပ်ဒေါင်း၊ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုတဲ့ စာတမ်းပါတဲ့ဟာ ဖြစ်ပါတယ်လို့ ပြည်သူတွေရှင်းလင်းသွားအောင်လို့သတင်းစာထဲမှာ ထည့်တာပါ။"

၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD ကို အာဏာမလွှဲပေးဘဲ ဆက်ပြီးအုပ်ချုပ်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်တဲ့စစ်အစိုးရဟောင်းအနေနဲ့ ၂၀၁၀ မှာ ရွေးကောက်ပွဲတွေကို ထပ်မံကျင်းပပေးခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကျင်းပနေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က အကျယ်ချုပ်ကျနေခဲ့ပြီး တင်းကျပ်တဲ့ ရွေးကောက်ပွဲ ဥပဒေတွေနဲ့ စစ်အစိုးရက တဘက်သတ်ရေးဆွဲခဲ့ပြီး ဒီမိုကရေစီမကျဘူးလို့ ယူဆခဲ့တဲ့ ၂၀၀၈ အခြေခံဥပဒေကြောင့် NLD အနေနဲ့ ရွေးကောက်ပွဲမှာ ဝင်မပြိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုလို NLD က ရွေးကောက်ပွဲမှာဝင်မပြိုင်ခဲ့တဲ့အပေါ် သဘောထားကွဲပြီး ရွေးကောက်ပွဲဝင်ပြိုင်ခဲ့တဲ့ ဦးခင်မောင်ဆွေ ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီက ဒီခမောက်တံဆိပ်ကို NLD ကန့်ကွက်တဲ့ကြားထဲကပဲ ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုလို့ အသုံးပြုလာခဲ့ပါတယ်။

နောက်ပိုင်း ရွေးကောက်ပွဲအပြီး NDF ပါတီကနေ ထပ်ခွဲလာခဲ့တဲ့ ဦးသိန်းညွန့်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီ ပါတီသစ်ကလည်း ခမောက်သုံးခုပါတဲ့ တံဆိပ်ကို ထပ်ပြီး အသုံးပြုလာခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီပါတီတွေနဲ့မဆိုင်ဘဲ NLD က သီးသန့်ဖြစ်တယ်ဆိုတာကို ပြနိုင်ဖို့ အခုလို တံဆိပ်သစ်ကို ရွေးချယ်ဆုံးဖြတ် ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ဆိုပါတယ်။ ဒီအလံမှာရော၊ တံဆိပ်မှာပါ ပါတဲ့ အရောင်နဲ့သင်္ကေတတွေရဲ့အဓိပ္ပါယ်ကို ဦးဉာဏ်ဝင်းက အခုလိုရှင်းပြပါတယ်။

"အခုကတော့ အနီရောင်က ရဲရင့်ခြင်းပေ့ါဗျာ။ ခွပ်ဒေါင်းဆိုတာကတော့ တကယ့်ကို တိုက်ပွဲဝင်အမှတ်အသားပေ့ါ။"

အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံး ဒါရိုက်တာဦးဝင်းထိန်ကလည်း ဒီတံဆိပ် အမှတ်အသားတွေဟာ အပြောင်းအလဲအတွက် ရုန်းကန်လှုပ်ရှားမှုတွေကို ကိုယ်စားပြုတာဖြစ်တယ်၊ ခွပ်ဒေါင်းကလည်း ကျောင်းသားတွေရဲ့ ၁၉၈၈ ခုနှစ်ဒီမိုကရေစီရေး စွန့်လွှတ်လှုပ်ရှားမှုတွေကို အသိအမှတ်ပြုတာဖြစ်တယ်လို့ အေအက်ဖ်ပီသတင်းဌာနကိုပြောခဲ့ပါတယ်။ NLD အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲတွေကို သပိတ်မှောက်ခဲ့ပေမယ့် ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်လာအပြီးနဲ့ ဦးသိန်းစိန်အစိုးရတက်လာအပြီးမှာ ဒီခေါင်းဆောင်နှစ်ဦးတို့တွေ့ဆုံကြတဲ့ ဆွေးနွေးပွဲတွေကနေတဆင့် ပါလီမန်သစ်ဘက်ကလည်း ရွေးကောက်ပွဲ ဥပဒေတွေကိုလျှော့ပေ့ါပေးခဲ့တဲ့အပေါ်မှာစပွင့်လင်းလာတဲ့ အခြေအနေကို ဆုပ်ကိုင်ပြီး NLD အနေနဲ့ ရှေ့နှစ်မှာကျင်းပမယ့် အမတ်နေရာ ၅၀ နီးပါး လစ်လပ်ထားတဲ့နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ပါဝင်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

ဒီကြားဖြတ် ရွေးကောက်ပွဲတွေကို ဘယ်နေ့ကျင်းပရမယ်ဆိုတာမသိသေးပေမဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ သူမအနေနဲ့လည်း ဒီရွေးကောက်ပွဲတွေမှာဝင်ပြိုင် ဖို့ရှိတယ်၊ အခုလိုရွေးကောက်ပွဲတွေမှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ ပြည်တွင်းစစ် ရပ်စဲရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အခြေခံဥပဒေပြင်ဆင်ရေးတွေကို ပါတီရဲ့အဓိကဦးတည်ချက်တွေအဖြစ် ဦးစားပေးလုပ်သွားဖို့ ရှိတယ်လို့ ပြောလာခဲ့ပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်ရှိ တရုတ်သံအမတ်ကြီးတွေ့ဆုံဆွေးနွေး

**VOA ၊ ဒီဇင်ဘာ ၁၅ ။** ။မြန်မာအစိုးရကို ကျောထောက်နောက်ခံပေးထားတယ်လို့ အများကမြင်နေကြတဲ့ တရုတ်နိုင်ငံက နှစ်ပေါင်း၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိတွေ့ဆက်ဆံမှုတွေ စတင်လိုက်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ရန်ကုန်မြို့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံ ခဲ့တာပါ။ မြန်မာနိုင်ငံမှာ အစိုးရက အပြောင်းအလဲတွေလုပ်လာခဲ့ပြီးနောက် နိုင်ငံတကာ သံတမန်ဆက်ဆံရေးမှာလည်း ပြောင်းလဲလာနေတဲ့အခြေအနေတွေကို မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာအစိုးရရဲ့အဓိကမဟာမိတ် နိုင်ငံတခုအဖြစ် ယုံကြည်ထားကြတဲ့တရုတ်နိုင်ငံဟာ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေနဲ့ခပ်ကင်းကင်းနေလာတာဖြစ်ပေမဲ့ အခုအခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်လို နိုင်ငံရေးခေါင်းဆောင်တဦးနဲ့ပါ တွေ့ဆုံလာတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Li Junhua နဲ့ ပြီးခဲ့တဲ့ တပတ်အတွင်း ရန်ကုန်မြို့မှာ တွေ့ ဆုံဖြစ်တာကတော့ ဒေါ်အောင်ဆန်းစုကြည်ဖက်က ထပ်တလဲလဲ တောင်းဆိုနေတဲ့အတွက် တွေ့ဆုံခဲ့တာလို့ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရသူ Liu Weimin က ဒီကနေ့ပဲ ဘေဂျင်း မြို့တော်မှာ သတင်းထောက်တွေကို ပြောလိုက်တာပါ။

“ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့တွေ့ဆုံဖို့ မျှော်လင့်နေတာကို အခါပေါင်းများစွာ ပြောဖူးပါတယ်၊ သူ့ရဲ့မေတ္တာရပ်ခံချက်ကို တုန့်ပြန်တဲ့အနေနဲ့ တရုတ်သံအမတ်ကြီးသွားတွေ့ခဲ့ပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားအမြင်တွေကို နားထောင်ခဲ့တာပါ။ တရုတ်နိုင်ငံအနေနဲ့ ၂ နိုင်ငံကြားမဟာဗျူဟာကျတဲ့ အပြည့်အဝဆက်ဆံရေးမျိုးထားရှိဖို့ သန္နိဋ္ဌာန်ချထားတာဖြစ်သလို၊ မြန်မာနိုင်ငံက လူမှုရေး၊စီးပွားရေးတိုးတက်အောင်လူတွေ ဘဝသာယာဝပြောအောင် ကြိုးပမ်းမှုတွေဟာ အင်မတန်အရေးကြီးတာကိုတရုတ်နိုင်ငံက လက်ခံထားတယ်၊ နိုင်ငံတခုရဲ့အရေးကို ဝင်မစွက်ဖက်ရေးမူဝါဒအပေါ် အခြေခံပြီး၊ ၂ နိုင်ငံစလုံးက လူထုအတွက် ပိုမိုအကျိုးများစေဖို့ တရုတ်-မြန်မာဆက်ဆံရေးမှာ သက်ဆိုင်ရာ လူမှုအသိုင်းအဝန်းကအားလုံးနဲ့ တရုတ်နိုင်ငံက ထိတွေ့ဆက်ဆံနေတာဖြစ်ပါတယ်။”

ပြီးခဲ့တဲ့ ဒီဇင်ဘာ (၈) ရက်နေ့ က တရုပ်သံအမတ်ကြီးနဲ့ အတူ ဒုတိယအတွင်းဝန်တို့ဟာ ဒေါ်အောင်ဆန်းစုကြည်အိမ်မှာ နေ့လည် ၃ နာရီကနေ ညနေ ၄ နာရီကျော်ထိ ၁ နာရီကျော် တွေ့ဆုံခဲ့ပါတယ်။ ကနဦး ၂ ဦး ၂ ဖက်ဆက်ဆံရေး တွေရင်းနှီးလာစေဖို့ အတွက် အခုလိုတွေ့ဆုံကြတာပါလို့လည်း NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဦးခွန်သာမြင့်ကပြောပါတယ်။

“ပထမတော့ တယောက်နဲ့တယောက် ရင်းနှီးဖို့ပါပဲ၊ တယောက်သဘော တယောက်သိဖို့ပါ။ အခုဟာက ဒီကြားထဲမှာ အနှစ် ၂၀ ကျော်က တရုပ်နဲ့ ကျနော်တို့ကြားထဲမှာ ပွင့်လင်းတဲ့ နားလည်မှုမရှိဘူးပေါ့။ အဲဒါအတွက် ပထမဆုံးအဆင့်အနေနဲ့လာတွေ့တာပါ။ တယောက်နဲ့တယောက် နားလည်မှုအများကြီးရပါတယ်။” NLD ပါတီက ဦးခွန်သာမြင့်ပါ။

လာမယ့်သတင်းပတ်တွေအတွင်း မြန်မာနိုင်ငံမှာကျင်းပမယ့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများအစည်းအဝေးကိုတက်ဖို့ နိုင်ငံတော် ကောင်စီဝင် Dai Bingguo) လာရောက်မှာဖြစ်ပါတယ်။ ဒီလို တရုတ်အဆင့်မြင့်အရာရှိတွေ မြန်မာနိုင်ငံကိုလာစဉ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မတွေ့ ခုချိန်ထိ မသိရသေးပေမယ့် တရုတ်ဖက်က ပြောင်းလဲလာတဲ့ ဆက်ဆံရေးတွေကြောင့်ရော လက်ရှိအမေရိကန် မြန်မာဆက်ဆံရေးတွေကြောင့်ပါ တရုတ်ခေါင်းဆောင်တွေဟာ အစိုးရနဲ့တွေ့သလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံနိုင်ခြေရှိနိုင်တယ်လို့လည်း မြန်မာ့အရေးလေ့လာသူတွေ သုံးသပ်ကြတာရှိပါတယ်။

တခါ ဒီကနေ့ ဗဟန်းရွှေဂုံတိုင်မှာရှိတဲ့ NLD ရုံးချုပ်မှာ မြန်မာနိုင်ငံကိုရောက်နေတဲ့ ဥရောပသမဂ္ဂနိုင်ငံခြားရေးနဲ့ လုံခြုံရေးဆိုင်ရာ အကြီးအကဲ ကက်သရင်းအက်ရှ်တန် (Catherine Ashton) ရဲ့ အကြံပေး Mr. Robert Cooper နဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်တွေရော CRPP အဖွဲ့နဲ့ပါ တွေ့ဆုံခဲ့ပြီး လက်ရှိမြန်မာ့အရေးအခြေအနေတွေ ပြောဆိုဖြစ်ခဲ့တယ်လို့ NLD ပါတီကပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“မနက် ၁၀ နာရီက ကျနော်တို့အဖွဲ့ချုပ် ရွှေဂုံတိုင်ရုံးမှာပါ။ CRPP အဖွဲ့တွေကလည်း သူတို့ရဲ့အခက်အခဲ၊ သူတို့ပါတီတွေ ဘာကြောင့်မှတ်ပုံပြန်မတင်ဖြစ်သေးတယ်ဆိုတာရယ် ဘာကြောင့် ဆိုတဲ့နေရာမှာ ဉပမာ ရှမ်းဆိုရင် ခွန်ထွန်းဦးတို့၊ စိုင်းညွန့်လွင်တို့ အခုထိမလွတ်မြောက်သေးတဲ့အတွက် သူတို့အနေနဲ့ ခေါင်းဆောင်တွေ မရှိလို့ မှတ်ပုံမတင်ရသေးဘူးဆိုတဲ့အကြောင်း။ နောက်တခုကတော့ စီးပွားရေးကိစ္စတွေဆွေးနွေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ IMF ကိစ္စတွေ၊ IMF တို့ဘာတို့နဲ့ ဆက်သွယ်ဆောင်ရွက်ဖို့အရေးကြီးတယ်ဆိုတဲ့ အကြောင်းတွေဆွေးနွေးတာပါ။ မစ္စတာ Cooper က အရင်လည်း တခေါက်လာဖူးပါတယ်။ သူတို့ကတော့ မြန်မာနိုင်ငံ တိုးတက်ဖို့အတွက် ရွေးကောက်ပွဲကိစ္စ၊ လွတ်လပ်ဖို့နဲ့ Secret Voting နဲ့ Monitoring တွေရှိရင် ကောင်းမယ်ဆိုတဲ့သဘောတွေ ဆွေးနွေးပါတယ်။” NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းပါ။

ဒါ့အပြင် မစ္စတာ Cooper က နိုင်ငံတော်သမ္မတနဲ့ရော အစိုးရအဖွဲ့ဝင်တချို့နဲ့ နေပြည်တော်မှာ တွေ့ဆုံစဉ် ဆွေးနွေးတဲ့အကြောင်းအရာတချို့ကို ရှင်းပြခဲ့တယ်လိုလည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ တခါလာမယ့်ဇန်နဝါရီလဆန်းပိုင်းထဲ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟော့ဂ် William Hague လည်း မြန်မာနိုင်ငံကိုလာရောက်ဖို့ရှိပါတယ်။

ပြီးခဲ့တဲ့ အင်္ဂါနေ့ကမှ အာရှခရီးစဉ်ကို အဆုံးသတ်သွားတဲ့ အမေရိကန်ရဲ့ မြန်မာဆိုင်ရာ အထူးကိုယ်စားလှယ် Drek Mitchell ကတော့ သူတရုတ်နိုင်ငံကိုရောက်စဉ်အတွင်းအမေရိကန်ပြည်ထောင်စုနဲ့မြန်မာနိုင်ငံရဲ့ သံတမန်ရေးတွေ၊ ဆက်ဆံရေးတွေ တိုးမြင့်လာတယ်ဆိုပေမယ့် တရုတ်နိုင်ငံကို ထိခိုက်စေလိုတဲ့ရည်ရွယ်ချက်မရှိကြောင်းပြောခဲ့ပါတယ်။အမေရိကန်အနေနဲ့တရုတ် မြန်မာဆက်ဆံရေးမှာအနှုတ်လက္ခဏာပြဖို့ မလိုလာဘူးလို့ ဘေဂျင်းမြို့တော်မှာ ပြောခဲ့တာဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မယ့်အပေါ် ကော်မရှင်ဥက္ကဋ္ဌ ကြိုဆို

**VOA| ဒီဇင်ဘာ ၁၆ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မှာကို ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုလိုက်ပါတယ်။

ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ဒီကနေ့ နေပြည်တော်မှာ ပြည် တွင်း သတင်းထောက်တွေကို ခေါ်ယူပြီးလုပ်တဲ့ သတင်းစာရှင်းလင်း ပွဲမှာ ခုလိုပြောလိုက်တာဖြစ်ပါတယ်။ ရွေးကောက်ပွဲလုပ်မယ့် ရက်ကို အတိအကျ မပြောသေးပေမဲ့ လုပ်တဲ့အခါ ၃ လ ကြိုတင် အသိပေးမှာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဒီနေ့ သောကြာနေ့မှာ ပြည်တွင်းသတင်းထောက်တွေကိုနေ ပြည်တော်ကိုဖိတ်ပြီး ရွေးကောက်ပွဲကော်မရှင်က အဓိကပြောတာက တော့ ကျင်းပဖို့ရှိတဲ့ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီတွေ ဘက်က ကြိုတင်ပြင်ဆင်ထားဖို့ မီဒီယာတွေကတဆင့် ပြောတဲ့သ ဘောဖြစ်ပါတယ်။ လစ်လပ်မဲဆန္ဒနယ်တွေ ဘယ်နှစ်နေရာရှိတယ်၊ ရွေး ကောက်ပွဲဝင်နိုင်မယ့်ပါတီတွေ ဘယ်နှစ်ပါတီရှိနေပြီ၊ NLD အပါအဝင် နောက်ထပ် မှတ်ပုံတင်ဖို့လုပ်နေတဲ့ ပါတီတွေရှိနေတယ်ဆိုတာ အ သေးစိတ်ကို ရှင်းပြခဲ့တယ်လို့ သတင်းစာရှင်းလင်းပွဲတက်ခဲ့တဲ့ ပြည် တွင်းသတင်းထောက်တွေက ပြန်ပြောပြကြပါတယ်။

ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဝင်မယ်ဆိုတဲ့အပေါ် မှာလည်း ကြိုဆိုပါတယ်လို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး က ပြောခဲ့တာကို အမည်မဖော်လိုတဲ့ သတင်းထောက်က အခုလိုပြော ပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို သူတို့က နိုင်ငံကောင်းအောင် လုပ်မယ့်သူလို့ လုံးဝယုံကြည်ပါတယ်ပေါ့။ ကော်မရှင်အနေနဲ့လည်း ဒေါ်အောင်ဆန်းစုကြည်ကိုကြိုဆိုတယ်။ ကော်မရှင်အနေနဲ့ သူတို့ဘာမှ ကန့်ကွက်စရာမရှိဘူးလို့ ပြောတယ်။ နောက် တကယ်လို့ လျှောက် ထားလာမယ်ဆိုရင်တော့ ကော်မရှင်ရဲ့ လုပ်ထုံးလုပ်နည်းအရတော့ ကိုယ်စားလှယ်လောင်းတွေကို နောက်ကြောင်းလိုက်တာလုပ်မယ်။

လုပ်ထုံးလုပ်နည်းဖြစ်တဲ့ အတွက်ကြောင့်မို့လို့ နောက်ကြောင်း လိုက်တာကတော့ သူတို့လုပ်ရမှာပေါ့။ ဒါပေမဲ့ သူတို့ ပုဂ္ဂိုလ်ရေးအနေ နဲ့ကတော့ သူတို့ ဒေါ်အောင်ဆန်းစုကြည်ကို လုံးဝယုံကြည်ပြီးသား၊ ပြီးတော့ ကြိုလည်း ကြိုဆိုပါတယ်လို့ ပြောတယ်။"

၂၀၁၀ရွေးကောက်ပွဲတုန်းကအငြင်းပွားစရာကြိုတင်မဲကိစ္စတွေ ကြောင့် အရင်က ရွေးကောက်ပွဲ ကော်မရှင်အပေါ် ကျယ်ကျယ် ပြန့်ပြန့် မေးခွန်းထုတ်ခံခဲ့ရပါတယ်၊ အခုသတင်းစာရှင်းလင်းပွဲမှာလည်းသတင်း ထောက်တွေက ဒီကိစ္စကို အဓိက မေးခဲ့ကြပါတယ်။ ဒီမှာရွေးကောက် ပွဲကော်မရှင်မှာ အားနည်းချက်တွေ ရှိခဲ့တာကိုလည်းအခု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ဝန်ခံသွားခဲ့ပါတယ်။

"ကော်မရှင်ကလည်း အသစ်ဖြစ်တော့ သူတို့အနေနဲ့ ကြိုတင်မဲ ကို ဘယ်လိုလုပ်မလဲ ဆိုတော့ သူတို့က ပြောသွားတာက general ဖြေသွားတာပါပဲ၊ သူတို့ကတော့ ဥပဒေအတိုင်းလုပ်ပါမယ်။ ပြီးခဲ့တဲ့ ဟာကိုလည်း သူတို့ ပြန်ပြောတယ်။

ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ အားနည်းချက် သုံး လေးခုရှိ တယ်တဲ့။ ဘာလဲဆိုတော့ လူထုကလည်း ရွေးကောက်ပွဲနဲ့ပတ် သက် ပြီးတော့ ဘာမှသိပ်မသိတာမျိုး၊ ကျယ်ကျယ် ပြန့်ပြန့်လည်း ပညာပေး တာမျိုးတွေမလုပ်တာ ပါတီတွေက အဲဒီ အားနည်းချက်ရှိတယ်။

နောက်ပြီးတော့ ကော်မရှင်ကလည်း ပထမဆုံး နှစ် ၂၀ ကျော် ကြာပြီးမှ ပထမဆုံးလုပ်တဲ့ ရွေးကောက်ပွဲ ဖြစ်တဲ့အတွက်ကြောင့်ကော် မရှင်အနေနဲ့လည်း ကျယ်ကျယ်ပြန့်ပြန့် ပညာမပေးနိုင်တာတွေ၊ နောက် ပြီး အတွေ့အကြုံနည်းတဲ့ အတွက်ကြောင့် တချို့ဟာတွေမှာလည်း အားနည်းချက်တွေ ရှိတာကို လက်ခံပါတယ်ပေါ့။

ဒါပေမဲ့ သူတို့က ပြန်ခြုံပြီးတော့ ပြန်ပြောတာကတော့ ၂၀၁၀ ရွေးကောက်ပွဲဟာ ဘာပဲပြောပြော အောင်မြင်တဲ့ရွေးကောက်ပွဲတစ်ခု ဖြစ် တယ်လို့ သူတို့မှတ်ပါတယ်လို့ဆိုပြီး နောက်လာမယ့် ကြားဖြတ်ရွေး ကောက်ပွဲနဲ့ ၂၀၁၅ ကျရင်တော့ သူတို့က ဥပဒေနဲ့အညီ သေချာလုပ် ပါ့မယ် လို့တော့ ကတိစကားမျိုးတော့ ပြောသွားတယ်။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ဘယ်သူ့ဩဇာလွှမ်း မိုးမှုမှမရှိတဲ့ လွတ်လပ်တဲ့ ကော်မရှင်ဖြစ်တယ်ဆိုတာကို ဒီသတင်းစာ ရှင်းလင်းပွဲမှာ ကော်မရှင်ဥက္ကဋ္ဌက ထပ်ကာထပ်ကာ ပြောသွားခဲ့ပါ တယ်၊ နောင်လုပ်မယ့်ရွေးကောက်ပွဲတွေမှာ နိုင်ငံတကာလေ့လာစောင့် ကြည့်သူတွေကို လက်ခံ မခံဆိုတာကိုတော့ ကော်မရှင်တစ်ခုတည်း က ဆုံးဖြတ်လို့ မရဘူးလို့ ဆိုပါတယ်။

"၂၀၁၀ ခုနှစ်ကတော့ အဲဒီလို ဖိတ်တော့မဖိတ်ခဲ့ဘူး။ ဒါပေမဲ့ သံရုံးတွေကိုတော့ သူတို့ ခွင့်ပြုခဲ့တာမျိုး ရှိတယ်ဆိုတော့ ဒီ နိုင်ငံတကာ လေ့လာရေးအဖွဲ့တွေ ခွင့်ပြု မပြုဆိုတာမေးတော့ အဲဒီအချိန်ကျရင် အခြေအနေ အချိန်အခါကိုကြည့်ပြီးတော့ ကြားဖြတ်ရွေးကောက်ပွဲဆို လည်း ကြားဖြတ်ရွေးကောက်ပွဲ လုပ်မယ့်အခြေအနေ အချိန်အခါကို ကြည့်ပြီးတော့ ဆုံးဖြတ်မယ့်ဟာမျိုး၊ နောက်ပြီးတော့ သူတို့ချည်းပဲ ဆုံး ဖြတ်လို့မရဘူးဆိုတဲ့ဟာမျိုး ပြောပါတယ်။ တိတိကျကျ အဖြေပေးမ သွားဘူး။"

ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ဘယ်နေ့ကျင်းပမယ် ဆိုတာကိုရက်တိတိကျကျမပြောပေမဲ့ မှတ်ပုံတင်ခွင့်ရပြီးသားပါတီ တွေအနေနဲ့ စည်းရုံးမဲဆွယ်မှုတွေ လုပ်လို့ရနေပါပြီလို့ ပြောသွားခဲ့ပါ တယ်။ အမျိုးသားလွှတ်တော်မှာ လစ်လပ်နေရာ ၆ နေရာ၊ ပြည်သူ့ လွှတ်တော်မှာ နေရာ ၄၀ နဲ့ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်မှာ ၂ နေရာ၊ စုစုပေါင်း ၄၈ နေရာ လစ်လပ်နေတဲ့အတွက် ကြားဖြတ်ရွေး ကောက်ပွဲကျရင်နိုင်ငံရေးပါတီတွေအနေနဲ့ နေရာလပ်မကျန်အောင်ဝင် ပြီး အရွေးခံကြအောင်လည်း ကော်မရှင်က တိုက်တွန်းသွားပါတယ်။

လက်ရှိမှာ တရားဝင် မှတ်ပုံတင်ထားပြီးသား ပါတီက ၄၁ ပါတီရှိပါတယ်။ NLD ပါတီကတော့ ရှေ့သီတင်းပတ်ထဲမှာ ပါတီမှတ် ပုံတင်မယ်လို့ သိရပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲကျရင် ပြည်ထောင် စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲစရိတ် ကျပ်သန်း ၇၀၀ သုံးစွဲဖို့ရှိတယ် ဆိုတာကိုလည်း ဒီကနေ့ ပြည်တွင်းသတင်းထောက် တွေနဲ့လုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ အသိပေးသွားပါတယ်။

# ကလေးသူငယ် ကူးသန်းရောင်းဝယ်မှု လူသားမဆန်တဲ့ ပြစ်မှုဟုဒေါ်စုပြောဆို

**VOA । ဒီဇင်ဘာ ၁၂ ။** ။ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာကျရောက်တဲ့ ကလေးငယ်တွေကို လူကုန်ကူးမှု ဆန့်ကျင်ရေးနေ့ကို ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ ကလေးငယ်များ လူကုန်ကူးမှု ဆန်ကျင့်တားဆီးတဲ့အဖွဲ့တွေ စုထားတဲ့ အဖွဲ့ကဦးစည်းပြီး ပညာပေးလှုံ့ဆော်ပွဲကျင်းပခဲ့ပါတယ်။ ဒီပညာပေးပွဲမှာ ကလေးငယ်တွေ ရောင်းစားခံရ မှုဟာ တစ်နှစ် ထက်တစ်နှစ် ပိုမိုများပြားလာတယ်လို့ သတိပေးပြော ဆိုလိုက်ပါတယ်။ အကြောင်းစုံကို မအေးအေးမာက သတင်းပေးပို့ ထားပါ တယ်။

လူကုန်ကူးမှုတွေအများဆုံးဖြစ်ရာက ကလေးကူးသန်းရောင်းဝယ်မှုတွေဟာလည်း တဖြည်းဖြည်း ပိုမိုများပြားလာနေတဲ့အတွက် ပညာပေးလှုံ့ဆော်ပွဲတွေကို ထိုင်း-မြန်မာနယ်စပ်မှာ လုပ်ခဲ့ကြတာပါ။ ဒီပွဲကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်းဗွီဒီယို မိန့်ခွန်း ပေးပို့ခဲ့ပါတယ်။

"ကလေးရောင်းဝယ်မှု ဆန့်ကျင်ရေးနေ့ဆိုတာ နေ့တိုင်းဖြစ်သင့်ပါတယ်။ ဒီလိုကိစ္စမျိုးဟာ နေ့တိုင်းနေ့တိုင်း ကျမတို့ ဆန့်ကျင်ရမှာပါ။ ဒါကြောင့်မိုလို့ အခုလို မြန်မာ-ထိုင်းနယ်စပ်မှာ အားလုံးကနေဝိုင်းဝန်းပြီးတော့ ဒီကိစ္စတွေအတွက်ဆောင်ရွက်ကြတာကို ကျမ အင်မတန်မှ လေးစားပါတယ်။ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အင်မတန်မှလည်း အားပေးချင်ပါတယ်။ ကလေးသူငယ်များဆိုတာဟာကျမတို့နိုင်ငံရဲ့ ကျမတို့ကမ္ဘာကြီးရဲ့ အနာဂတ်တွေပါ။ကိုယ့်အနာဂတ်ကို စောင့်ရှောက်တဲ့အနေနဲ့ ဒီကလေးသူငယ်တွေကိုစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ကလေးသူငယ်တွေကို ကူသန်းရောင်းဝယ်တွေလုပ်တယ်၊ ကျမတို့ရဲ့ အနာဂတ်ကို ကုန်ကူးတယ်ဆိုတာအင်မတန်မှ မလုပ်သင့်တဲ့ကိစ္စပါ။ ဒါဟာ လူသားမဆန်တဲ့အပြင် အင်မတန်မှပညာနည်းတဲ့ ကိစ္စဖြစ်ပါတယ်။ ကိုယ့်ရဲ့ အနာဂတ်နဲ့ လောင်းကစားလုပ်နေသလိုပါပဲ။"

"ဒါကြောင့်မိုလို့ ဒီကလေးသူငယ်များ ကူးသန်းရောင်းဝယ်ရေးကိစ္စဆိုတာ လုံးဝလုံးဝကို ပပျောက်ဖို့လိုပါတယ်။ အဲဒီလို ပပျောက်ရေးအတွက် ဆောင်ရွက်နေသူအားလုံးကို ကျမအနေနဲ့တတ်နိုင်တဲ့ဘက်က နေကူညီချင်ပါတယ်။ အားပေးချင်ပါတယ်။ ဂုဏ်ပြုချင်ပါတယ်။ သူတို့ရဲ့အနာဂတ်ကို ပြန်လည်ပြီးတော့ ထူထောင်နိုင်ဖို့ ဆက်ပြီးတော့ အကူအညီတွေ အများကြီးလိုပါတယ်။ အဲဒါအတွက် လည်းဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ကြပါလို့ ကျမအနေနဲ့ သတိပေးချင်ပါတယ်။"

ထိုင်း-မြန်မာနယ်စပ်မှာ ကလေးကူးသန်းရောင်းဝယ်မှုတွေ ပိုမိုများပြားလာနေကြောင်း၊ ၂၀၁၁ ခုနှစ်ထဲမှာ အမှုပေါင်း ၁၅၀ ကျော်လက်ခံရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ကလေးကူးသန်းရောင်းဝယ်မှုဆန့်ကျင်တားဆီးရေး အဖွဲ့ရဲ့ တာဝန်ခံ မနန်းမူက အခုလို ပြောပါတယ်။

"ဒီနှစ်ဆိုရင် ၁၀၀ ကျော် ၁၅၀ အထက်လောက်ရှိတာပေါ့နော်။ ဒါက ကျမတို့လက်လှမ်းမီတဲ့ဟာပေါ့။ မမှီတဲ့ဟာတွေလည်း အများကြီးရှိသေးတာပေါ့။ ဆိုတော့ဒီထက်ပိုပြီးများနိုင်တယ်လို့ခန့်မှန်းမိတယ်ပေါ့။ အခုနယ်စပ်ဒေသမှာကလေးကူးသန်းရောင်းဝယ်မှုဟာ အဓိကကတော့ မဲဆောက်ကနေတဆင့်ပေါ့နော်၊ ဘန်ကောက်မှာ ရောင်းစားခံရတယ်၊နောက်ပြီးတော့ ရေလုပ်ငန်းတွေမှာငါးဖမ်းလုပ်သားတွေအဖြစ်ရောင်းစားခံရတာရှိတယ်။ နောက်ပြီးတော့ ကလေးသူတောင်းစားတွေပေါ့နော်။ ကလေးသူ တောင်းစားတွေ တဖြည်းဖြည်းများလာတာတွေရတယ်။ နောက်ပြီးတော့ ကလေးပြည့်တန်ဆာလေးတွေ ပိုပြီးတော့များလာတာတွေ့ရတယ်။ အဲဒါကြောင့်မိုလို့ ကျမတို့က ဒီဟာတွေပပျောက်နိုင်ဖို့အတွက်လုပ်ဆောင်ဖို့ ဝိုင်းဝန်းပြီး အားလုံးရဲ့ပူးပေါင်း ပါဝင်မှုနဲ့လုပ်ဆောင်နေပါတယ်။"

တကယ်တော့ မြန်မာ့စီးပွားရေး အကျပ်အတည်းတွေကြောင့် အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်ဖို့ အတွက် မိဘတွေနဲ့အတူလာကြရင်းနဲ့ တချို့ ကလေးငယ်တွေဟာ လူပွဲစားတွေရဲ့ ဖျားယောင်းသွေးဆောင်မှုကို ခံရပြီး ရောင်းစားခံနေရတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံထဲမှာတော့ ကလေးတွေကို စစ်သားအဖြစ် စစ်တပ်ထဲကိုပို့ပြီးရောင်းစားကြတာတွေ၊ထိုင်း-မြန်မာနယ်စပ်မှာတော့တောင်းရမ်းစားသောက်တဲ့ နေရာတွေမှာ အသုံးပြုဖို့အတွက် ရောင်းစားကြတာတွေ များပါတယ်။

ကုလသမဂ္ဂက ကလေးရောင်းဝယ်မှုတွေကို ကာကွယ်တားဆီးတဲ့ ပါလာမို (Palermo) သဘောတူစာချုပ်အရ ဒီဇင်ဘာလ ၁၂ ရက်နေ့ကို ကလေးကူးသန်းရောင်းဝယ်မှု ဆန့်ကျင်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြတာပါ။ အာရှနိုင်ငံ အတော်များများမှာလည်း ဒီနေ့မှာ ပညာပေးလှုံ့ဆော်မှုတွေကို လုပ်ခဲ့ကြပါတယ်။

## မြန်မာဒီမိုကရေစီထွန်းကားရေး ကူညီမယ်လို့ အိန္ဒိယပြောဆို

**RFA। ဒီဇင်ဘာ ၁၂ ။** ။ လွှတ်တော် လုပ်ထုံး လုပ်နည်းတွေနဲ့စံသတ်မှတ်ချက်တွေ အားကောင်းလာရေးအပါအဝင် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားရေးလုပ်ငန်းတွေကို အားပေးကူညီသွားမယ်လို့ အိန္ဒိယလွှတ်တော်အကြီးအကဲ Meira Kumar က မနေ့က ပြောလိုက် ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်တဲ့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နဲ့နယူးဒေလီမြို့ လွှတ်တော်စာကြည့်တိုက်အဆောက်အအုံမှာ တွေ့ဆုံစဉ် အိန္ဒိယ အောက်လွှတ် တော်ဥက္ကဋ္ဌ Ms. Kumar က အခုလို ပြောကြားလိုက်တာပါ။

သူရဦးရွှေမန်းခေါင်းဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၀ ဟာ အိန္ဒိယလွှတ်တော်ကို သီတင်းတစ်ပတ်ကြာလေ့လာဖို့ နယူးဒေလီမြို့မှာရောက်နေပါတယ်။ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ဟာ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးလွှတ်တော်ရေးရာဝန်ကြီး၊ လွှတ်တော်ခေါင်းဆောင်တွေ၊ ကော်မတီ အကြီးအကဲတွေအပြင် အတိုက်အခံခေါင်းဆောင်တွေနဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်။

ဒါ့အပြင် လွှတ်တော်နှစ်ရပ်လုံးရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို ကြည့်ရှုလေ့လာဖို့ စီစဉ်ထားပြီး ဒေလီနဲ့ မွန်ဘိုင်းမြို့တွေက စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ သမိုင်းဝင် အရေးပါတဲ့နေရာတွေကို သွားရောက် လေ့လာမယ်လို့သိရပါတယ်။

သူရဦးရွှေမန်းခေါင်းဆောင်တဲ့ မြန်မာလွှတ်တော်ကိုယ်စားလှယ်တွေဟာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်တွေချည်းဖြစ်ပြီး တိုင်းရင်းသားနဲ့ တခြားပါတီက ကိုယ်စားလှယ် မပါတာကြောင့် မျှတမှု မရှိသလို ပါတီစုံဒီမိုကရေစီနစ်နဲ့လည်း မညီဘူးလို့ အမည်မဖော်လိုတဲ့ လွှတ်တော်အမတ်တစ်ဦးက RFA ကို ပြောပါတယ်။

# အကူအညီပေးဖို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသွားမည်

**Mizzima၊ ဒီဇင်ဘာ ၁၄ ။** ။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Koichiro Gemba သည် အကူအညီများပြန်ပေးရေး လေ့လာရန် မြန်မာနိုင်ငံသို့ ယခုလ ၂၅ ရက်နေ့တွင် သုံးရက်ကြာ သွားရောက်မည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ပြည်ပအခြေစိုက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် FTUB မှ နာယက ဒေါက်တာမင်းညိုနှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့က ဂျပန် ဒုနိုင်ငံခြားရေးဝန်ကြီး Toshiyuki KATO နှင့် သွားတွေ့ဆုံစဉ် အတည်ပြု ပြောဆိုလိုက်ခြင်းဖြစ်သည်။

"အဓိကကတော့ ကျန်းမာရေး၊ ပညာရေးတို့ပေါ့။ နောက်တခါ ဘီလူးချောင်းလောပိတစီမံကိန်း ဓာတ်အားပေးစက်ရုံကို ပြင်ဖို့အတွက် ဘာတွေလိုသလဲဆိုတာ လေ့လာပြီးတော့ ပေးဖို့ရှိတယ်" ဟု ဂျပန်နိုင်ငံတွင် နေထိုင်သူဒေါက်တာမင်းညိုက မဇ္ဈိမကို ပြောသည်။ ခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အတိုက် အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပြင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဟု ဆိုသည်။

၂၀၀၃ ဒီပဲယင်း အရေးအခင်းအပြီး ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ချခံရပြီးနောက် ဂျပန်အစိုးရက ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေး အကူအညီ ODA အစီအစဉ်ပါ စီးပွားရေးအကူအညီများကိုရပ်ဆိုင်းထားခဲ့ရာတွင် လောပီတ လျှပ်စစ်စက်ရုံပြင်ဆင်ရေးလည်း ပါဝင်ခဲ့သည်။ လူသားချင်းစာနာသည့် အကူအညီများကိုမူဆက်ပေးခဲ့သည်။

"ငွေကဒီလိုကွာတာကိုးဗျ။ စီးပွားရေးအကူအညီကဥပမာ ၁၀၀၀ လောက်ပေးတယ်ဆိုရင် လူသားချင်း စာနာထောက်ထားတဲ့ဟာက ရာဂဏန်းလောက် ရှိတာကိုး" ဟု ဒေါက်တာမင်းညိုက ပြောသည်။

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ အောက်တိုဘာလ ဂျပန်ခရီးစဉ်အတွင်း ဂျပန်အစိုးရအနေဖြင့် ကယားပြည်နယ် လောပိတရေအားလျှပ်စစ်စက်ရုံ အမှတ်-၂ ကို မွမ်းမံပေးမည်ဟု ပြောဆိုခဲ့ကြောင်း ဂျပန်နိုင်ငံ မာအိနိချိသတင်းက ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီလည်း နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရပြီဖြစ်သောကြောင့် ဂျပန်မှ ODA ပေးသည်ကို FTUB က ယခင်ကကဲ့သို့ မကန့်ကွက်တော့သော်လည်း အကူအညီများကို အမှန်တကယ် သုံး/မသုံး စိစစ်ပေးရန်နှင့် လယ်ယာထွက်ကုန် ချောမွေ့စွာ စီးဆင်းနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း ကူညီသင့်ကြောင်း ဒုနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် တင်ပြခဲ့သည်ဟု ဦးမင်းညိုက ပြောသည်။

အာဏာရ ဒီမိုကရက်တစ်ပါတီ အမတ် မစွတာ ဂင်းဘားသည် NLD နှင့် အခြားပါတီဝင်များကို ကြားဖြတ်ရွေးကောက်ပွဲအပြီး ဂျပန်နိုင်ငံသို့ လာရောက်ရန် သူ၏ခရီးစဉ်အတွင်း ဖိတ်ကြားခဲ့မည်ဟုလည်း မာအိနိချိ သတင်းက ဖော်ပြသည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီးမြန်မာနိုင်ငံဒီမိုကရက်တစ်အစိုးရ အဆင့် ပြောင်းလဲရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးအတွက် အားအင်အသစ်များ တိုးလာမည်ဟု ဂျပန်အစိုးရက မျှော်လင့်နေကြောင်းလည်း သတင်းတွင် ဆက်ဖော်ပြထားသည်။ ODA အစီအစဉ်ကို စီစစ်ထိန်းသိမ်းရေးဖွဲ့စည်းထားသည့် အထက်လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များသည်လည်းမြန်မာနိုင်ငံသို့ ၂၀၁၂ နှစ်ဆန်းပိုင်းတွင် သွားရောက်ရန် ရှိသည်ဟု သိရသည်။

ထို့ပြင် မြန်မာနိုင်ငံက ဂျပန်နိုင်ငံသို့ ပေးချေရန်ရှိသည့် အကြွေးပမာဏစာရင်းသည် နှစ်နိုင်ငံအကြား ကွာဟနေသဖြင့် ယင်းကိစ္စကိုလည်း ညှိနှိုင်းရေးပြင်ဆင်နေသည်ဟု သိရသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဂျပန်နိုင်ငံသည် နံပါတ် ၁၂ တွင် ရှိပြီး ၂၀၁၁ မေလ အထိစာရင်းအရ အမေရိကန်ဒေါ်လာ ၂၁၂ သန်းခန့်ရှိကြောင်း တရုတ် ဆင်ဟွာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။ ဂင်းဘား၏ ခရီးစဉ်သည် ၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရီကို ကာဝါဂူချီ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီးနောက် ၉ နှစ်အတွင်း အဆင့်မြင့်အရာရှိတဦး၏ ခရီးစဉ်တခုဖြစ်လာမည်။

---

**မျက်နှာဖုံးမှ**

တလောမှာတင် တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံရေးလောကမှာ သူ့လိုအမျိုးသမီးတွေ အခုလို ပါဝင်ထမ်းဆောင်နေတာမြင်ရတဲ့အတွက် ကျမအထူးဘဲ ဂုဏ်ယူအားတက်ခဲ့ရပါတယ်။

တရုတ် မြန်မာဆက်ဆံရေးနဲ့ပတ်သက်တဲ့ မေးခွန်းတခုကိုတော့–

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ချစ်ကြည်ရင်းနှီးတဲ့ အစဉ်အလာရှိပါတယ်၊ ကျမတို့ဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်ကြတယ်ဆိုတာ မမေ့ကြဖို့လည်းလိုပါတယ်။ အိမ်နီးချင်းတွေနဲ့ဆက်ဆံရေးကောင်းမွန်အောင် ထိန်းသိမ်းဖို့အင်မတန်အရေးကြီးပါတယ်။ ကျမတို့ဟာ တဦးကိုတဦး ဥပက္ခာပြုလို့မရနိုင်ပါဘူး။

ကွန်မြူနစ်တွေအာဏာရလာပြီးနောက်ပိုင်း တရုတ်နိုင်ငံကို ပထမဦးဆုံး အသိအမှတ်ပြုခဲ့တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ရှေ့ဆုံးကပါဝင်ပါတယ်။ ကျောင်းသူတယောက်ကတော့ နေအိမ်အကျယ်ချုပ်ကျခဲ့တဲ့ ကာလကို မေးမြန်းပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ အဖမ်းခံရတဲ့ တခြားလုပ်ဖော်ကိုင်ဖက်တွေနဲ့နှိုင်းစာရင် ကျမက နေအိမ်မှာ အကျယ်ချုပ်နဲ့နေရတဲ့အတွက်သိပ်မဆိုးပါဘူး၊ အကောင်းဘက်ကကြည့်မယ်ဆိုရင် အနားယူခွင့်ရသလိုစာဖတ်ခွင့်လည်းရပါတယ်။ အခု ကျမ အကျယ်ချုပ်နဲ့နေရတာမဟုတ်တဲ့အတွက် အရင်ကလို အနားယူချိန် စာဖတ်ချိန်မရတော့ပါဘူး။ ဒ့ါအပြင်တယောက်တည်းနေရတဲ့အခါ မိမိဘဝကို အသေအချာဆင်ခြင်ခွင့်ရပါတယ်။ အဲဒီလို ဆင်ခြင်သုံးသပ်ခွင့်ရခဲ့တဲ့အတွက် ကျမအခု ဆောင်ရွက်လုပ်ကိုင်နေတာတွေကို ကြီးမားတဲ့ အထောက်အကူဖြစ်စေပါတယ်။

ဒ့ါအပြင် တခြားကျောင်းသားတယောက်က–မြန်မာပြည်ကို ကမ္ဘာ့နိုင်ငံတွေက ထောက်ခံအားပေးနိုင်မယ့်နည်းလမ်းတွေကိုမေးတဲ့အခါမှာ

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မြန်မာကို ကမ္ဘာက မမေ့ကြဖို့ဆိုတာဟာ အင်မတန်ကြီးမားတဲ့ အားပေးမှုဖြစ်ပါတယ်။ ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ကမ္ဘာက မေ့သွားကြပြီလားလို့ ကျမ အကြိမ်ကြိမ်တွေးမိတဲ့အခါတိုင်း ကျမတို့ကို မမေ့ပါဘူးဆိုတဲ့အသံတွေကို ဟိုး အဝေး ကမ္ဘာ့တနေရာရာ တိုင်းပြည်တခုခုကနေ ကြားရလေ့ရှိပါတယ်။ အဲဒီ အားပေးမှုတွေဟာ ကျမတို့အတွက် မဟာအင်အားတွေကို ဖြစ်ထွန်းစေခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ Virginia ပြည်နယ် တက္ကသိုလ်ကျောင်းသားတွေရဲ့ အင်တာနက်ရုပ်မြင်သံကြား မေးမြန်းခန်း တတိယပိုင်းကိုဖော်ပြလိုက်ပါတယ်။

# ကေအိုင်အောအပေါ် ထိုးစစ်မှုတွေ ရပ်ဆိုင်းဖို့ သမတဦးသိန်းစိန်ညွှန်ကြား

**VOA ၊ ဒီဇင်ဘာ ၁၂ ။** ။ အစိုးရတပ်တွေအနေနဲ့ လက်နက်ကိုင်ကချင်အဖွဲ့တွေကို ထိုးစစ်မဆင်ဖို့ သမ္မတဦးသိန်းစိန်က ညွှန်ကြားထားတယ်ဆိုပေမဲ့ တိုက်ပွဲတွေကတော့ ဒီနေ့အထိ ရှိနေတုန်းပဲလို့ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ပြောပါတယ်။ တချိန်တည်းမှာပဲတိုက်ပွဲတွေကြောင့်နေရပ်စွန့်ခွာနေကြရတဲ့ဒုက္ခသည်တွေအတွက်ကချင်ပြည်နယ်ပြည်ထောင်စုလွှတ်တော်ကကိုယ်စားလှယ်တွေဦးဆောင်ပြီးကူညီထောက်ပံ့မှုတွေကိုပေးနေပါတယ်။ အကြောင်းစုံကို မစုမြတ်မွန်ကတင်ပြထားပါတယ်။

ထာဝရငြိမ်းချမ်းရေးအတွက်ဆိုပြီး သမ္မတဦးသိန်းစိန်က ကိုယ်စားလှယ်လွှတ် ဆွေးနွေးတဲ့အထဲမှာပါတဲ့ KIO ကချင်လွတ်မြောက်ရေးအဖွဲ့ရဲ့ လက်နက်ကိုင် KIA တပ်တွေကို ထိုးစစ်ဆင်တိုက်ခိုက်မှုတွေမလုပ်ဖို့ သမ္မတဦးသိန်းစိန်က ညွှန်ကြားထားပါတယ်။ ကချင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဖြစ်သလို အမျိုးသားလွှတ်တော်ရဲ့တိုင်းရင်းသားရေးရာနဲ့ ငြိမ်းချမ်းရေး ကော်မတီဝင်ဦးခက်ထိန်နန်က ဒီကိစ္စနဲ့ပတ်သက်လို့ သူသိထားတာကို ပြောပြတာက -

"ကျနော် သိသလောက်ပေါ့နော် ဒီဇင်ဘာ ၁၀ ရက်နေ့ကသမ္မတကကာကွယ်ရေးဦးစီးချုပ်ကို ပို့တယ်လို့ကြားသိရပါတယ်။ အဲဒါ ကျနော်တို့ဘက်က စပြီးမပစ်ဖို့ရယ်၊ ထိုးစစ်မဆင်ဖို့ရယ်ပေါ့နော်။ အဲဒီလို ကြားသိရပါတယ်။"

ခုလို သမ္မတဘက်က ကာကွယ်ရေးဦးစီးချုပ် ကြည်းကို လွှန်ခဲ့တဲ့ ၂ ရက် ဒီဇင်ဘာလ ၁၀ ရက်ကတည်းက ညွှန်ကြားထားတယ်လို့ဆိုပေမဲ့ အစိုးရတပ်တွေနဲ့ တိုက်ပွဲတွေဟာ ဒီနေ့အထိကို ရှိနေတုန်းပဲလို့ KIO အဖွဲ့ ပြောခွင့်ရသူ ဦးလာနန်က ခုလို ပြောပါတယ်။

"ကျနော်တို့ တရားဝင်တော့ ဘာမှမသိပါဘူးခင်ဗျ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့။ ဒါပေမဲ့ ရှေ့တန်းမှာတော့ တိုက်ပွဲတွေဖြစ်နေတုန်းပါပဲ။ ဒါ သူတို့ရဲ့အတွင်းမှာပဲ ညွှန်ကြားတာဖြစ်ပါလိမ့်မယ်။ သူတို့အဲဒီလို ပြောဆိုကြတယ်ဆိုပေမဲ့ သူတို့တပ်ဖွဲ့တွေက ပို့နေတုန်းပါပဲ။ အခုစကာခ ၁၀ က အစတုန်းကတော့ တပ်ရင်း ၈ ရင်းပို့တယ်၊ အခုကတော့ နောက်ထပ် အားလုံးပို့ဖို့ သူတို့က စီစဉ်နေကြတာပဲ။"

KIO အပါအဝင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့ ၅ ဖွဲ့နဲ့ပထမအဆင့် အပစ်အခတ်ရပ်စဲရေးရဖို့အတွက် သမ္မတကကိုယ်စားလှယ်လွှတ်ဆွေးနွေးနေတာဖြစ်ပါတယ်၊ KIO နဲ့ နောက်ဆုံးပြီးခဲ့တဲ့နိုဝင် ဘာလ ၂၉ ရက်နေ့က တရုတ်နိုင်ငံ ရွှေလီဘက်မှာ ဆွေးနွေးခဲ့ကြပါတယ်။ နောက်ထပ်ဘယ်တော့ ဆွေးနွေးမလဲဆိုတာကို မသိရသေးသလို အစိုးရတပ်တွေဘက်က နယ်ကျော်ဝင်ရောက်နေတဲ့ကိစ္စတွေ ကို ဆွေးနွေးရလိမ့်ဦးမယ်လို့ KIO ဘက်ကပြောပါတယ်။ သမ္မတကိုယ်စားလှယ်အဖွဲ့နဲ့ KIO တို့ကြား ဆွေးနွေးပွဲတွေမှာ ပါဝင်ခဲ့သူတစ်ယောက်ဖြစ်တဲ့ ဦးခက်ထိန်နန်ကတော့ -

"နောက်ဆုံးတွေ့တဲ့အချိန်တုန်းကတော့ ကျနော်တို့ ပြန်တွေ့ဆုံပြီးတော့ နိုင်ငံရေးအရ တွေ့ဆုံသွားဖို့ဆိုတာကို နှစ်ဘက်ကသဘောတူခဲ့ပါတယ်။တိုးတက်လာမယ်လို့ကျနော့်အနေနဲ့ ယုံကြည်ပါတယ်။"

လောလောဆယ် အပစ်အခတ်ရပ်စဲရေး သဘောတူမှုမရခင် အစိုးရတပ်တွေနဲ့ KIA တပ်တွေကြား တိုက်ပွဲတွေကြောင့် ဘေးလွတ်ရာထွက်ပြေးနေကြရတဲ့ ဒုက္ခသည်တွေ သောင်းနဲ့ချီရှိနေပါတယ်။ စစ်ပြေးဒုက္ခသည်တွေအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် တွေ၊ စေတနာရှင်တွေ စုပေါင်းပြီး ဒီဇင်ဘာ ၁၂ ရက်နေ့ကစပြီး အလှူလုပ်နေကြတယ်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်က ပြောပြပါတယ်။

"ကျနော်တို့ မနက် ၈ နာရီကနေ ၁၂ နာရီအထိ ကျနော်တို့လှူထုရော၊ အားလုံးပေါင်းစုံပေါ့။ လူ ၆၀၀ ကျော်နဲ့အခမ်းအနားဆောင်ရွက်ပြီးတော့ အခုကတော့ ကျနော်တို့ ရပ်ကွက်တွေမှာ၊ စခန်းတွေမှာ ရှင်းပြီးတော့ လိုက်ပြီးတော့ ထောက်ပံ့ငွေနဲ့ အဝတ်အထည်တွေလိုက်ပေးနေတယ်။ ကျနော်တို့ ကချင်ပြည်နယ်ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးဦးဆောင်ပြီးတော့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လက်လှမ်းမီသလောက် ထည့်ဝင်တဲ့ ကူညီငွေတွေနဲ့စီစဉ်တာပါ။ ငွေအနေနဲ့ကတော့ သိန်း ၇၀၀။ နောက်ပြီးတော့ အနွေးထည်က ၃,၅၀၀။ အဲဒီအထဲမှာ စောင်တွေလည်း ပါသေးတယ်။"

မြစ်ကြီးနားမြို့နယ်ထဲမှာရှိတဲ့ ဒုက္ခသည်စခန်းတွေအပြင်တခြားမြို့နယ်တွေဆီကိုလည်း သွားလှူမယ်လို့ ဆိုပါတယ်။

"ကျနော်တို့ လှူဖို့စီစဉ်ထားတဲ့နေရာတွေကတော့ မြစ်ကြီးနားမြို့နယ်က စခန်း ၂၄ ခု၊ ဝိုင်းမော်မြို့နယ်က စခန်း ၁၄ ခု။ နောက်ပြီး ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ ပူတာအိုခရိုင် အားလုံးကို ကျနော်တို့ လိုက်ပြီးတော့ ကူညီဖို့ စီစဉ်ထားပါတယ်။ ဒီနေ့က မြစ်ကြီးနားမြို့မှာ စပြီးတော့လှူပါတယ်။ မြစ်ကြီးနားမှာ စခန်း ၂၄ ခုရှိပါတယ်။"

ဇွန်လဆန်းထဲက စတင်ခဲ့တဲ့ အစိုးရတပ်တွေနဲ့ KIA တပ်တွေရဲ့ တိုက်ပွဲတွေကြောင့် ဒုက္ခသည်စခန်းတွေမှာသာမက ကျေးရွာတွေရဲ့ အနီးအနားမှာ ပုန်းရှောင်နေကြရတဲ့ စစ်ပြေးဒုက္ခသည်တွေလည်း အများအပြားရှိနေကြပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေနဲ့ဖြစ်နေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်ရေး၊ တိုင်းရင်းသားဒေသတွေငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့အတွက် သမ္မတဦးသိန်းစိန်အစိုးရကို အမေရိကန်အပါအဝင် နိုင်ငံတော်တော်များများကလည်း တိုက်တွန်းနေပါတယ်။

---

## မြန်မာနိုင်ငံအခြေအနေ UNHCR အကောင်းမြင်

**RFA၊ ဒီဇင်ဘာ ၁၄ ။** ။ မြန်မာနိုင်ငံက အခြေအနေတွေအပေါ် အကောင်းမြင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR အကြီးတန်း အရာရှိတစ်ဦးက ပြောကြားလိုက်ပါတယ်။

မြန်မာပြည်ခရီးစဉ်အပြီး မနေ့ကနေ့စွဲနဲ့ ထုတ်ပြန်တဲ့ UNHCR ရဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် UNHCR ဒုက္ခသည်များ အကာကွယ်ပေးရေးဆိုင်ရာ လက်ထောက် မဟာမင်းကြီး Erika Feller က အခုလို ပြောကြားလိုက်တာပါ။

Ms. Erika Feller က ထိုင်းမြန်မာနယ်စပ် မြန်မာဒုက္ခသည်တွေအရေး လေ့လာဖို့ ထိုင်း-မြန်မာနယ်စပ်ကို သွားအပြီး မြန်မာနိုင်ငံကို ရောက်ခဲ့ကြောင်း၊ ဒုက္ခသည်တွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ အရင်ကမရှိဖူး၊ မတွေ့ဖူးတဲ့ အခြေအနေ အခွင့်အလမ်းတွေတွေ့ခဲ့ကြောင်း၊ ဒုက္ခသည် ပြဿနာတွေနဲ့ပတ်သက်လို့ ဖြေရှင်းနိုင်မယ့် အလားလာတွေလည်း တွေ့ခဲ့ရကြောင်း UNHCR သတင်း ပြန်ကြားရေးဌာနနဲ့မေးမြန်းခန်းမှာ ပြောကြားထားပါတယ်။

**စာမျက်နှာ ၈ သို့**

# ကုလသမဂ္ဂအရာရှိတချို့ ကချင်ပြည်နယ် လိုင်ဇာမြို့ကို ရောက်ရှိ

**VOA ၊ ဒီဇင်ဘာ ၁၃ ။** ။ မြန်မာနိုင်ငံ မြောက်ပိုင်းက လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ထွက်ပြေးနေရသူတွေကို အကူအညီပေးဖို့ ကုလသမဂ္ဂဝန်ထမ်းတွေ ကချင်ပြည်နယ်ကို ရောက်လာပါတယ်။ဒုက္ခသည်တွေရဲ့အခြေအနေကို အကဲခတ်ဖို့ ပထမဆုံး အကြိမ်အဖြစ်မနေ့နောင်းပိုင်းက ကိုယ်စားလှယ်တွေ လိုင်ဇာမြို့ကိုရောက်လာချိန်မှာပဲ တိုက်ပွဲတွေကလည်း ဆက်လက်ဖြစ်ပွားနေဆဲပါ။ သမ္မတက တိုက်ပွဲတွေရပ်ဆိုင်းဖို့ မြန်မာစစ်တပ်ကို ညွှန်ကြားထားတဲ့နောက်မှာပဲ တိုက်ခိုက်မှုတွေဆက်ဖြစ်နေတာပါ။ အပြည့်အစုံကိုတော့ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြမှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့။ ကချင်လွတ်လပ်ရေးတပ်မတော် KIA နဲ့ မြန်မာအစိုးရတပ်တွေအကြားဖြစ်ပွားနေတဲ့ ၆ လကျော်ကြာ တိုက်ပွဲတွေကြောင့် တရုတ်-မြန်မာနယ်စပ်ဒေသနဲ့ ကချင်ပြည်နယ်အတွင်းက မြစ်ကြီးနား၊ ဗိုင်းမော်၊ ဗန်းမော် စတဲ့မြို့တွေမှာ စစ်ပြေးဒုက္ခသည်တွေ သောင်းနဲ့ချီပြီး ထွက်ပြေး တိမ်းရှောင်နေရတာ ဖြစ်ပါတယ်။

အစိုးရထိန်းချုပ်ရာမြို့ရွာတွေဆီရောက်ရှိလာတဲ့ ဒုက္ခသည်တွေကိုတော့ အစိုးရနဲ့ကုလသမဂ္ဂအပါအဝင် ဘာသာရေးနဲ့လူမှုရေးအသင်းအဖွဲ့တွေကထောက်ပံ့ကူညီပေးနိုင်ပေမဲ့ KIA ထိန်းချုပ်ရာ လိုင်ဇာမြို့နဲ့ တရုတ်-မြန်မာ နယ်စပ်ဒေသဘက်ကို ထွက်ပြေးခိုလှုံသူ တွေကတော့ ထိရောက်တဲ့ ကူညီထောက်ပံမှုတွေ မရကြပါဘူး။

ဒီရက်ပိုင်းတွေအတွင်းမှာတော့ ကုလသမဂ္ဂက ဝန်ထမ်းတချို့ဟာ ပထမဆုံးအကြိမ်အဖြစ် လိုင်ဇာမြို့ကို ရောက်ရှိလာပြီး ဒုက္ခသည်တွေကို ထောက်ပံ့ကူညီဖို့အတွက် စတင်ဆောင်ရွက်နေပြီလို့ ရန်ကုန်ကုလသမဂ္ဂရုံးရဲ့ ပြန်ကြားရေးအရာရှိ ဦးအေးဝင်းက ပြောပါတယ်။

"ဟုတ်ကဲ့ UN အဖွဲ့ရောက်နေပါတယ်ခင်ဗျ။ အဓိကကတော့လိုအပ်တဲ့ ပစ္စည်းတွေသွားပို့ဖို့ပါပဲခင်ဗျ။ ဒါက ပထမဦးဆုံးအကြိမ်ပေါ့နော်။ နောက်လည်း ဆက်ပို့ဖို့ ကြိုးစားအုံးမှာပါခင်ဗျ။ လက်လှမ်းမီတဲ့နေရာ အားလုံးကို ပို့ဖို့တော့ ကြိုးစားနေပါတယ်ခင်ဗျ။ ပစ္စည်းတွေပို့နိုင်တယ်ဆိုတာကလည်း အဘက်ဘက်နဲ့ ညှိနှိုင်းပြီးတော့ ဖြစ်ပေါ်လာတဲ့ ရလဒ်တခုပေါ့လေ။ ဒါကလည်း ကနဦးပဲရှိပါ သေးတယ်ခင်ဗျ"

ဌာနေဝန်ထမ်း ၄ ယောက်ပါတဲ့ ကုလသမဂ္ဂအဖွဲ့ဟာ မနေ့ညနေပိုင်းက လိုင်ဇာမြို့ကိုရောက်ရှိခဲ့တာဖြစ်ပြီး မနက်ဖန်မှ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ ဒီလို လာရောက်တဲ့အပေါ်မှာ ကချင်လွတ်လပ်ရေးအဖွဲ့ KIOက ကြိုဆိုကြောင်း၊ အဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောပါတယ်။

"ကျနော်တို့ KIO အဖွဲ့အစည်းကတော့ ကြိုဆိုလက်ခံပါတယ်။ ဒါလည်း သူတို့ NGO အဖွဲ့အစည်းကနေပြီး လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို လုပ်တာပဲလို့မှတ်ယူပါတယ်။ အဲဒါကြောင့်ဘာမှ ပြဿနာမရှိပါဘူး။ အဓိကကတော့ လူသားချင်းစာနာတဲ့ အကူ အညီပေးဖို့အတွက် လာပြီးလေ့လာတယ်လို့ပဲ မှတ်ယူတယ်ခင်ဗျ။ ဒုက္ခသည်တွေနဲ့ လွတ်လွတ်လပ်လပ်တွေ့ဆုံခွင့်ကို ပေးထားပါတယ်"

လောလောဆယ်မှာတော့ ကုလသမဂ္ဂအဖွဲ့က စစ်ပြေးဒုက္ခသည် မိသားစု ၅၀၀ အတွက် လိုအပ်တဲ့ အိုး၊ ခွက်၊ ပန်းကန် စတာတွေနဲ့ကလေးအဝတ်အစားတွေ၊ရွက်ဖျင်တဲတွေ ထောက်ပံ့တာတွေရကြောင်း ပြောပါတယ်။ ကုလကိုယ်စားလှယ်အဖွဲ့ရောက်ရှိချိန်ဟာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကချင်တပ်ဖွဲ့ကို ထိုးစစ်မဆင်ဖို့အတွက်ကာကွယ်ရေးဦးစီးချုပ်ကို ဒီလ ၁၀ ရက်နေ့က ညွှန်ကြားထားကြောင်း သတင်းတွေထွက်ပေါ်နေချိန်နဲ့လည်း တိုက်ဆိုင်နေတာဖြစ်ပါတယ်။

KIO ဘက်ကတော့ သမ္မတဦးသိန်းစိန်က ဒီလိုညွှန်ကြားထားပေမဲ့တိုက်ပွဲတွေက ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်တယ်လို့ပြောပါတယ်။

"စစ်ဆင်ရေးမလုပ်ဖို့ ထိုးစစ်မလုပ်ဖို့ ညွှန်ကြားထားပေမဲ့မနေ့ကလည်း တိုက်ပွဲကဖြစ်တာပဲ။ အခုလည်း တိုက်ပွဲက ပြင်းပြင်းထန်ထန်ဖြစ်နေတယ်ခင်ဗျ။ အခုလောလောဆည်ဖြစ်နေတာ ရတဲ့သတင်းကတော့ တပ်မဟာ ၃ ဒေသ တပ်ရင်း ၁၅ ဝွင်မှာ ဖြစ်နေတယ်။ မိုးမောက်မြို့နယ်လို့ ပြောလို့ရတယ်။ အဲဒီဒေသမှာ ဖြစ်နေတာတော့ ၅ ရက်လောက်ရှိပါပြီ" ဒေသခံတချို့ကတော့ ဒီကနေ့ မိုးမောက်မြို့နယ်အတွင်း တိုက်ပွဲမှာ အစိုးရတပ်က ရဟတ်ယာဉ်သုံးပြီး တိုက်ခိုက်တာတွေရှိတယ်လို့ ပြောပေမဲ့ KIO ဘက်ကတော့ အတည်မပြုပါဘူး။

ကချင်ပြည်နယ်အတွင်း ဒီလိုတိုက်ပွဲတွေ ပြင်းထန်နေတဲ့တချိန်တည်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်၊ နမ့်ခမ်းဘက်ကနေ တပ်မ ၈၈၊ ၉၉ နဲ့ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စကခ ၁၀ လက်အောက်ခံတပ်ရင်းတွေ စုစုပေါင်း ၁၀ ရင်းလောက် တက်လာသလို မြစ်ကြီးနားမြို့ကိုလည်း မီးရထားနဲ့ အစိုးရတပ်ဖွဲ့တွေလာရောက်နေတာရှိတယ်လို့ ဦးလနန်က ပြောပါတယ်။

KIO နဲ့ မြန်မာအစိုးရဟာ ဒီနှစ် ဇွန်လတည်းက တိုက်ပွဲတွေပြန်လည်စတင်ခဲ့ပြီး ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိဖို့အတွက် အစိုးရကိုယ်စားလှယ်တွေနဲ့ KIO အဖွဲ့ဟာ အနည်းဆုံး ၅ ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၉ ရက်နေ့ကတော့ KIO ဥက္ကဋ္ဌဦးဇော်ဟရား ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့ဟာ ပြည်ထောင်စုအစိုးရရဲ့ အဆင့်မြင့်ကိုယ်စားလှယ်တွေနဲ့ဆွေးနွေးခဲ့ပေမယ့် အခုချိန်ထိတော့ အပစ်အခတ်ရပ်စဲဖို့အတွက် သဘောတူညီချက်မရသေးပါဘူး။

မြန်မာအစိုးရကတော့ ဝ၊ မိုင်းလားအဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းဖို့ သဘောတူညီချက် ရရှိထားကြောင်းနဲ့ ဒီရက်ပိုင်းတွေအတွင်းမှာတော့ ရှမ်းတပ်မတော် SSA တောင်ပိုင်းနဲ့ ဗိုလ်နတ်ခမ်းမွှေးဦးဆောင်တဲ့ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) တို့နဲ့ အပစ်အခတ်ရပ်စဲဖို့ သဘောတူညီချက်ရကြောင်း သတင်းထုတ်ပြန်ထားပါတယ်။

---

**စာမျက်နှာ ၇ မှ**

မြန်မာနိုင်ငံ ခရီးစဉ်အတွင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးခဲ့သလိုနိုင်ငံခြားရေးဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးအပါအဝင် မြန်မာအစိုးရ အကြီးတန်းအရာရှိတွေ၊ နေပြည်တော်က လွှတ်တော်အမတ်တွေနဲ့ တွေ့ဆုံခဲ့တယ်လို့လည်းသိရပါတယ်။

လက်ထောက်မဟာမင်းကြီးဟာ မြန်မာနိုင်ငံမှာ အစိုးရနဲ့ ပူးပေါင်းပြီး UNHCR စီမံကိန်းတွေနဲ့ လှုပ်ရှားဆောင်ရွက်ခွင့်တွေ ပိုရလာမယ်လို့ အပြုသဘောတွေရှိရပြီး မြန်မာပြည်တွင်းမှာ UNHCR ဝန်ထမ်းတွေ အကန့်အသတ်နည်းနည်းနဲ့ လုပ်ငန်းဆောင်ရွက်ခွင့်တွေရဖို့လည်း တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။




**ဒီဇင်ဘာ ၁၁ । AsiaOne, SPR ॥** ॥ ပေ၂၀ ခန့်မြင့် တံတားပေါ်မှ လိမ့်ကျနေသူအမျိုးသမီး(၂၇)သည် Katong shopping center & SdUnited Channel Employment လက်အောက်မှ မြန်မာအလုပ်သမတဦးဖြစ်နိုင်ကြောင်း။

**ဒီဇင်ဘာ ၁၂ । PTI ॥** ॥ သူရဦးရွှေမန်းဦးဆောင်သည့် မြန်မာအောက်လွှတ်တော်အမတ်အဖွဲ့သည် အိန္ဒိယ အောက်လွှတ်တော Lok Sabah သို့ ယနေ့လွှတ်တော်ကျင်းပစဉ် ကြည့်ရှုနားထောင်၏။

**ဒီဇင်ဘာ ၁၂ । Irrawaddy ॥** ॥ တိုင်းရင်းသားများအရေး မိမိကြိုးစားသမျှ လျစ်လျူရှုခံနေရ၍ နေးကွေးသောပြောင်းလဲမှုအပေါ် အားမရကြောင်း မွန်ပြည်နယ် အမတ် ဗညားအောင်မိုးမှ ဆို၏။

**ဒီဇင်ဘာ ၁၂ । BP ॥** ॥ အဲန်အဲလ်ဒီသည် တပြင်လုံးအနီရောင်နောက်ခံတွင် ရှေ့တူရှုရှိ တလုံးတည်းသောကြယ်ဖြူကို မျက်နှာမူသော ဘယ်လှည့်ဘေးစောင်း ခွပ်ဒေါင်းပုံကို ပါတီ၏တံဆိပ်သစ်အဖြစ် ရွေးချယ်ခဲ့၏။

**ဒီဇင်ဘာ ၁၂ । BP ॥** ॥ မြန်မာစစ်သည်သုံးဦး မဲခေါင်မြစ်တွင် ကင်းလှည့်စဉ် လက်နက်ကိုင်အုပ်စု၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၂ । Channel NewsAsia ॥** ॥ စင်္ကာပူသည် နာဂစ်မုန်တိုင်းဒေသတို့တွင် ပြွန်သောက်ရေတွင်း ၃၈၅ ခု တူးဖေါ်ဆောက်လုပ်ပြီးကြောင်း။

**ဒီဇင်ဘာ ၁၂ । IMPHAL. E-Pao.Net ॥** ॥ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ၂၀၁၀ ဂျူလိုင်လတွင် စတင်ခဲ့သော မြန်မာစကားသင်တန်းမှ စစ်တပ်ဆိုင်ရာလူ ၂၆ ဦး ပြီးစီးအောင်မြင်ခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၂ । BBC ॥** ॥ ကချင်သူပုန်များအား တိုက်ခိုက်ခြင်းမှ ရပ်စဲခဲ့ကြောင်း မြန်မာအစိုးရမှဆို၏။

**ဒီဇင်ဘာ ၁၂।** RFA ॥ ॥ လွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်တွင်တွေ့ဆုံဆွေးနွေးခဲ့၏။

**ဒီဇင်ဘာ ၁၂।** RFA॥ ॥ ပိုလန် နိုင်ငံခြားရေးဝန်ကြီးဌာန ဖိတ်ကြားချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ် ၈ ဦး ပိုလန်တွင် တပတ်ကြာလေ့လာရန် ရောက်ရှိနေ၏။

**ဒီဇင်ဘာ ၁၃ । RGN ॥** ॥ NLD ပါတီ၏ ပါတီမှတ်ပုံတင်ခြင်းကို ရွေးကောက်ပွဲကော်မရှင်မှ ခွင့်ပြုလက်ခံခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၃ । Yonhap ॥** ॥ မြောက်ကိုးရီးယားနှင့်ပူးပေါင်း၍သော်လည်းကောင်း၊ မိမိကိုယ်တိုင် သော်လည်းကောင်း နျူကလီးယားလက်နက်ထုတ်လုပ်ရေးနှင့်ကင်းစင်ကြောင်း မြန်မာသည် အပြောနှင့်သာမက လက်တွေ့ပြသင့်ကြောင်း အနုမြူစွမ်းအင်ပါရဂူ David Albright မှဆို၏။

**ဒီဇင်ဘာ ၁၃ । WSJ-blog ॥** ॥ မြန်မာသို့လည်ပတ်လိုသူများသည် မြန်မာတွင် လမ်းပန်းဆက်သွယ်ရေးအပြင် ကျော်လွှားပြင်ဆင်စရာများစွာရှိသေးကြောင်း Patrick Barta မှ ရေးသား၏။

**ဒီဇင်ဘာ ၁၃ । BP ॥** ॥ Ital-Thai Development သည် ရှေ့နှစ်တွင် ထားဝယ်ဆိပ်ကမ်းစီမံကိန်း ဧက ၁၆၀၀၀ အနက် ဧက ၅၀၀၀ ကို သံမဏိစက်ရုံအတွက်သုံး၍ ဘတ်ငွေ ၃၀၀ ဘီလီယံကုန်ကျမည်ဟု Ital-Thai မှဆို၏။

**ဒီဇင်ဘာ ၁၃ । Channel NewsAsia ॥** ॥ နေပြည်တော်တွင် စင်္ကာပူနိုင်ငံခြားရေးနှင့်ဥပဒေဝန်ကြီး K. Shanmugan သည် သမတဦးသိန်းစိန်၊ လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ ဦးခင်အောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့် တွေ့ခဲ့၏။

**ဒီဇင်ဘာ ၁၃ । Al Jazeera, QATAR ॥** ॥ မြန်မာတပ်များသည် ၁၅ နှစ်ကျောင်းသားလေးအား မိမိတို့ရှေ့မှ လျှောက်ခိုင်းကာ လမ်းပြအဖြစ်သုံးခဲ့ပုံကို ကာယကံရှင်မှ လူ့အခွင့်အရေးအတွက် ဆေးပညာရှင်များအဖွဲ့ဝင်ထံ ပြောဆိုမှုကို ကြည့်လျှင် မြန်မာစစ်တပ်သည် ကုန်းကောက်မရအောင် အဆင့်နိမ့်နေသေးသည်ကို သိနိုင်ကြောင်း Francis Wade မှ ရေးသားဝေဖန်၏။

**ဒီဇင်ဘာ ၁၃ । Irrawaddy ॥** ॥ ကွန်မင်းတွင်ခြေရာပျောက်ပြီး တရုတ်ပြည်မှ မြန်မာသို့ပြန်ပို့ခဲ့သော ကေအင်ယူခေါင်းဆောင်မန်းညိမ်းမောင်အား မြန်မာတရားရုံးမှ မတရားအသင်းဖွဲ့မှုစသည်တို့ဖြင့် အမှုစစ်နေ၏။

**ဒီဇင်ဘာ ၁၃ । Irrawaddy ॥** ॥ ကရင်လက်ကန်ကိုင်သူပုန် DKBA ၏ ဗိုလ်ချုပ်စောလှပွေးဦးစီးသည့်အဖွဲ့ခွဲသည် မြန်မာအစိုးရနှင့် ၆ ချက်ပါ သဘောတူချက်ရေးထိုးခဲ့ကြောင်း မြန်မာအစိုးရသတင်းများမှဆို၏။

**ဒီဇင်ဘာ ၁၃ ।RFA ॥** ॥ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ရန် အစိုးရသည် ပဲခူးတိုင်းတွင် မြေဧက ၁၀၀ အသုံးပြုခွင့်ရထားကြောင်း ဖြစ်မြောက်ရေးကော်မတီ ဒါရိုက်တာဦးသူရ (ဇာဂနာ) မှဆို၏။

**ဒီဇင်ဘာ ၁၃ । AFP ॥** ॥ မြန်မာသို့ ရှေ့လသွားမည်ဟု ဗြိတိန် နိုင်ငံခြားရေးတာဝန်ခံ William Hague မှ ဆို၏။

**ဒီဇင်ဘာ ၁၃ । BJG ॥** ॥ အမေရိကန်သည် မြန်မာနှင့်နွေးထွေးလာသော်လည်း တရုတ်ပြည်၏ မြန်မာတွင် မြှုပ်နှံမှုများကို မထိခိုက်စေလိုဟု မြန်မာရေးရာ အမေရိကန်အထူး သံ Derek Mitchell မှ ပီကင်းတွင်ဆို၏။

**ဒီဇင်ဘာ ၁၃ । SPR ॥** ॥ ဂျန်နဝါရီတွင် မြန်မာသည် အကျဉ်းသားအချို့ သို့မဟုတ် အားလုံးကို ၄င်းလွှတ်နိုင်ပြီး၊ ကြားဖြတ်ရွေးကောက်ပွဲကို မတ်လတွင် ကျင်းပနိုင်သည်ဟု ဦးသန့်၏မြေး စာရေးဆရာ ဦးသန့်မြင့်ဦး မှဆို၏။

**ဒီဇင်ဘာ ၁၃ । RFA ॥** ॥ မလွှတ်သေးသေးသည့် နိုင်ငံရေးအကျဉ်းကျများအား ဆွေမျိုးမိတ်ဆွေနီးဒေသများသို့ ထောင်ပြောင်းပေးရန် စုပေါင်းမေတ္တာရပ်ခံစာကို သမတထံပို့ခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၃ । RFA ॥** ॥ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုးအိချိရိုး ဂဲမ်ဘ သည် ဒီဇင်ဘာလကုန်တွင် မြန်မာသို့ လာမည်။ **စာမျက်နှာ ၁၃ သို့**

# အီးယူအရာရှိ ငွေကြေးကိစ္စဆိုင်ရာဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ

**Mizzima । ဒီဇင်ဘာ ၁၅ ။** ။ ဥရောပသမဂ္ဂ EU နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး Robert Cooper နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ကြာသပတေးနေ့က တွေ့ဆုံရာတွင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့် ငွေကြေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း အစည်းဝေးတက်သူများထံမှသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုရုံးချုပ်၌ မနက် ၁၀ နာရီမှစတင်ပြီး ၄၅ မိနစ်ကြာ တွေ့ဆုံခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPPအဖွဲ့ဝင်များလည်းပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံတချို့ ဖလှယ်ခဲ့သည်။

"ဒီမိုကရေစီနိုင်ငံတွေမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ရင်ပွင့်လင်းမြင်သာတဲ့ အကြောင်းတွေ၊ စောင့်ကြည့်လေ့လာမှု တွေ့ရှိတယ်ဆိုတဲ့ အကြောင်းတွေကို ပြောပါတယ်။ World Bank နဲ့ IMF တို့ရဲ့အကူအညီက လိုအပ်တယ်ဆိုတာလည်းပြောပါတယ်" ဟု NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက မဇ္ဈိမကို ပြောသည်။

ဆိုင်ရာ EU အထူးသံ Piero Fassino နှင့်အတူ လာရောက်ခဲ့ဖူးသည်။ ယခုတွေ့ဆုံမှုအတွင်း နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးမှာအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းတွင် အလွန်အရေးပါကြောင်း လက်ခံထားကာ အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံတိုင်းလည်း ယင်းကိစ္စကို ထည့်သွင်းပြောဆိုလေ့ရှိသည်ဟု မစ္စတာကူးပါးက ပြောဆိုခဲ့ကြောင်း တွေ့ဆုံရာတွင်ပါဝင်သူ ဦးအုန်းကြိုင်က ပြန်ပြောပြသည်။

မစ္စတာကူးပါး၏ ယခုခရီးစဉ်သည် ဒုတိယကြိမ်မြောက်ဖြစ်ပြီး ဇွန်လအတွင်းက အချက်အလက်ရှာဖွေရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံမစ္စတာကူးပါးနှင့်အတူ ဘန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာအီးယူ သံအမတ်မစ္စတာ ဒေးဗစ် ရေမွန်လစ်မန်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ် Mr Thierry Mathou နှင့် EU အာရှရေးရာဌာနအကြီးအကဲ Mr Ceseamus Gellespie တို့လည်း တွေ့ဆုံမှုတွင်ပါဝင်ကြသည်။

CRPPအတွင်းရေးမှူးဦးအေးသာအောင်က တိုင်းရင်းသားအရေးကိစ္စများကို အဓိကထားဆွေးနွေးခဲ့ပြီး အဖွဲ့ဝင် ပါတီများမှခေါင်းဆောင်များ အကျဉ်းကျဆဲဖြစ်သည့်အတွက်ပြန်လည် မှတ်ပုံမတင်ကြကြောင်း ပြောဆိုခဲ့သည်။ ဆွေးနွေးပွဲ၌ ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးအုန်းကြိုင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာ မြင့်၊ ဒေါ်မေဝင်းမြင့်၊ ဦးဝင်းမြင့်တို့နှင့် CRPP အတွင်းရေးမှူး ဦးအေးသာအောင်၊ ဦးနိုင်ငွေသိန်း၊ ဦးပူကျင့်ရှင်းထန်၊ ဦးရွှေကြူး၊ ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး NLD ၏ လက်ရှိနိုင်ငံရေးရပ်တည် ချက်များနှင့် ဆောင်ရွက်ချက်များအားရှင်းပြခဲ့ ကြသည်။

စီးပွားရေးကိစ္စနှင့် ပတ်သက်၍မူ "IMF ရဲ့ ပညာရှင်တွေရဲ့အမြင်တွေ၊ နောက်ပြီးတော့ ငွေရေးကြေးရေးကိစ္စ၊ သုံးစွဲမှုတွေနဲ့အခြေအနေတွေ၊ အဲဒါကို Balance လုပ်တဲ့ ကိစ္စတွေကို ပိုအလေးအနက်ထားတယ်လို့ထင်ပါတယ်" ဟု ဦးဉာဏ်ဝင်းက သုံးသပ်သည်။

မကြာသေးခင်က လာရောက်ခဲ့သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်၏ခရီးစဉ် အတွင်းကလည်းမြန်မာနိုင်ငံသို့ ကမ္ဘာ့ ဘဏ်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်နိုင်ရန် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်အားပြောဆိုခဲ့ဖူးသည်။

မစ္စတာကူးပါး၏ ယခုခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်အပြင် နိုင်ငံခြားရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌတို့နှင့်ဗုဒ္ဓဟူးနေ့က တွေ့ဆုံခဲ့သေးသည်။ ယင်းအပြင် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်လွှတ်တော်ဆိုင်ရာကော်မတီဝင်တချို့နှင့် တွေ့ဆုံကာနစ်ဖက်ဆက်ဆံရေးတိုးမြှင့်ရန်၊ စီးပွားရေး၊ ငွေကြေးပြုပြင်ရေးနှင့်ငွေပေးချေစနစ်၊ နိုင်ငံခြားငွေ လဲလှယ်နှုန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ကြာသပတေးနေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

မစ္စတာကူးပါး၏ ဇွန်လခရီးစဉ်အတွင်းကမူ ဒုသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်သာ တွေ့ဆုံခွင့်ရခဲ့သည်။ အသက် ၆၄ နှစ် အရွယ် ဗြိတိန်နိုင်ငံသားမစ္စတာကူးပါးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးသူတဦးဖြစ်ပြီး EU တွင် ၂၀၀၂ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သူ ဝါရင့်သံတမန်တဦးလည်းဖြစ်သည်။

သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီး နောက်ပိုင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာ အစိုးရကိုယ်စားလှယ် ဝင်ထွက်မှုမှာ ဆက်တိုက်ဆိုသလိုဖြစ်လာပြီး ယင်းအနက် EU အဖွဲ့ဝင် ဂျာမနီ၊ အီတလီနှင့်ပိုလန်နိုင်ငံတို့လည်း သီးခြားစီပါဝင်သည်။

မြန်မာနိုင်ငံမှ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် လေးကြိမ်မြောက် မဲခေါင်ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန်အတွက်လည်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် ထိုင်းဝန်ကြီးချုပ် မစ္စစ်ယင်လတ် ရှင်နာဝါထရာတို့လည်း လာရောက်ဦးမည်ဖြစ်သည်။

---

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မြန်မာပြည်သွားမည်

**RFA। ဒီဇင်ဘာ ၁၃ ။** ။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကိုအိချီရို ဂမ်ဘာ က ဒီလကုန်ပိုင်းမှာ မြန်မာနိုင်ငံကို အလည်အပတ် သွားရောက်မယ်လို့ ဒီကနေ့ ပြောလိုက်ပါတယ်။

မိမိအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေ တိုးတက်ခိုင်မာအောင် အကူအညီပေးချင်ပါတယ်လို့ မစ္စတာ ဂမ်ဘာက သတင်းထောက်တွေကို ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံတဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တွေနဲ့ တခြား နိုင်ငံရေးပါတီတွေကို လာမယ့်နှစ်ကြားဖြတ်ရွေးကောက်ပွဲ အပြီး ဂျပန်ကို အလည်အပတ် လာရောက်ဖို့ မစ္စတာဂမ်ဘာ ဖိတ်ခေါ်မယ့်အကြောင်း ဂျပန်အစိုးရ အရာရှိတွေက ပြောပါတယ်။ ဒါဟာ ၁၉၈၈ ခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပြီးတဲ့နောက် ပထမဆုံးအကြိမ် ဖိတ်တာ ဖြစ်ပါလိမ့်မယ်။

မစ္စတာဂမ်ဘာရဲ့ မြန်မာပြည် ခရီးစဉ်ဟာလည်း ၂၀၀၂ ခုနှစ်က အစုအထိ ဂျပန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးအဆင့် ပထမဆုံး ခရီးစဉ်ပါ။ ဂျပန်နိုင်ငံဟာ မြန်မာစစ်အစိုးရအပေါ် အနောက်နိုင်ငံတွေလို တင်းမာတဲ့သဘောထားမရှိဘဲ ပုံမှန်ဆက်ဆံခဲ့ပြီးစီးပွားရေးအထောက်အပံ့တွေ ပေးခဲ့ပါတယ်။

**စာမျက်နှာ ၁၂ သို့**

VOB
သတင်းတိုထွာဖတ်စရာ
ဧရာဝတီဝေဟင်

## ဒလိုင်လားမား မြန်မာပြည်လာမည်

တိဘက်ဘုန်းတော်ကြီး Dalai Lama မြန်မာနိုင်ငံကို လာရောက်ဖွယ်ရှိပါသည်။ ဘုန်းတော်ကြီးရဲ့ခရီးစဉ်သည် ဘာသာရေးအရ ပြောဖွယ်ရာမရှိပေမယ့် နိုင်ငံရေးအရ နားလည်မှုတွေရှုတ်ထွေးနိုင်တယ်လို့ သမတအကြံပေး ဦးကိုကိုလှိုင်က ပြောပါတယ်။ မြန်မာနိုင်ငံရာရောက်ခွင့်ရဖို့အတွက် မြန်မာအစိုးရအပေါ်မှာမူတည်ပါတယ်။ တရုတ်အစိုးရကို မေးစရာမလိုဘူးလို့လည်း သူကဆက်ပြောပါတယ်။ သက်တော် ၇၄ နှစ်ရှိပြီးဖြစ်တဲ့ ဘုန်းတော်ကြီးဟာ မြန်မာနိုင်ငံကို ပထမဆုံးလာရောက်ခြင်းဖြစ်ပါတယ်။ (Wall Street Journal ,14-Dec,2011)

## ဒီမိုကရေစီအာရုံဦး

ဒီမိုကရေစီအာရုံဦးကိုတော့ မြင်နေရပြီလို့ပြောလို့ရတဲ့ အချိန်ရောက်နေပေမယ့် ဇွဲမလျော့ပဲ ရှေ့ဆက်ကြိုးစားကြဖို့လိုပါသေးတယ်။ မျှော်လင့်ချက်ရောင်ခြည်တွေ တောက်ပလာနေပါပြီ။ နှစ်ပေါင်းများစွာ ပြည်သူများ မျှော်လင့်တောင်းတခဲ့ကြတဲ့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးရရှိလာတော့မှာဖြစ်တဲ့အတွက် လူထုကြီး ဝမ်းသာကြရပါတော့မည်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပညာဉာဏ်ကြီးမားမှုနဲ့အမြော်အမြင်ကြီးမားမှု၏ ရလဒ်ဖြစ်ပါသည်။ (VOB ,14-Dec,2011)

## ဒေါ်ရင်လတ် နေပြည်တော်ထပ်သွားမည်

မြန်မာနိုင်ငံ နေပြည်တော်ကို ထိုင်းဝန်ကြီးချုပ် ရင်လတ် သွားမယ်လို့ဆိုပါတယ်။ ဒါဟာ ဒုတိယအကြိမ်သွားတာဖြစ်ပြီး မဲခေါင်ဒေသဖွံ့ဖြိုးရေးဆွေးနွေးပွဲကို တက်ရောက်မှာဖြစ်ပါတယ်။ မဲခေါင်ဒေသ ၆ နိုင်ငံမှ ခေါင်းဆောင်များတက်ရောက်မယ်လို့သိရပါတယ်။ ဝန်ကြီးချုပ် ရင်လတ်နဲ့အတူ နိုင်ငံခြားရေးဝန်ကြီး Surapong Tovichakchaikul နဲ့ စွမ်းအင်ဝန်ကြီး Pichai Naripthapan တို့လည်း လိုက်ပါသွားမယ်လို့ဆိုပါတယ်။ (Bangkok Post ,14-Dec,2011)

## ဘိန်းစိုက်ပိုများလာ

မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှု ပိုများလာနေတယ်လို့ ကုလသမဂ္ဂမှ ထုတ်ပြန်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်ထက် ၂၀၁၁ မှာ မူးယစ်ဆေးဝါးထုတ်လုပ်နေတဲ့ မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှုဟာ ၅ ရာခိုင်နှုန်းတိုးလာတယ်လို့ ကုလသမဂ္ဂ Drugs and Crime’s annual South-East Asia Opium Survey. ရုံးရဲ့ ကြာသသတေးနေ့ကထုတ်ပြန်တဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။ အစီရင်ခံစာမှာ ၂၀၁၀ ခုနှစ်အတွင်း ဘိန်းတကီလိုကို ဒေါ်လာ ၃၀၅ မှ ၄၅၀ အထိ ဈေးနှုန်းမြင့်တက်လာတာကြောင့်လည်း ဘိန်းစိုက်ပိုများလာတယ်လို့ ဖော်ပြထားပါတယ်။ (AP, Bangkok ,15-Dec,2011)

## ဗီယက်နန်ဝန်ကြီးချုပ် နေပြည်တော်သွားမည်

နေပြည်တော် သမတဦးသိန်းစိန်ရဲ့ ဖိတ်ကြားချက်အရ ဗီယက်နန်ဝန်ကြီးချုပ် Nguyen Tan Dung နေပြည်တော်ကို သွားရောက်မယ်လို့ဆိုပါတယ်။ Dung ဟာ ဝန်ကြီးချုပ်ဖြစ်လာပြီး ပထမဆုံးအကြိမ် နေပြည်တော်ခရီးစဉ်ဖြစ်ပါတယ်။ နှစ်နိုင်ငံ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုနဲ့အစစ ပူးပေါင်းဆောင်ရွက်ရေးတွေကို သဘောတူလက်မှတ်ထိုးဖွယ်ရှိတယ်လို့ သတင်းကဆိုပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေးကို လာမယ့်နှစ်မှာတိုးချဲ့ဆောင်ရွက်ဖို့ကိုလည်း သဘောတူကြလိမ့်မယ်လို့လည်း သတင်းကဆိုပါတယ်။ (Xinhua ,18-Dec,2011)

## လစ်လပ်နေရာ တရားဝင်ကြေညာ

လစ်လပ်တဲ့ အမတ်နေရာကို ရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာလိုက်ပါတယ်။ လစ်လပ်တဲ့ အမတ်ဦးရေ ၄၈ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို မကြာခင်ကျင်းပတော့မယ်လို့ဆိုပါတယ်။ အမျိုးသားဒီမိုကရေစီမှလည်း လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားနေပါတယ်။ လာမယ့် ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ် ကျပ်သန်း ၇၀၀ သုံးစွဲမှာဖြစ်တယ်လို့ ကော်မရှင်ကဆိုပါတယ်။ ယခင် ၂၀၁၀ ရွေးကောက်ပွဲမှာ အသုံး စရိတ်စုစုပေါင်း ကျပ် ၁၀.၈ ဘီလီယံ သုံးစွဲခဲ့တယ်လို့လည်း ကော်မရှင်အဆိုအရသိရပါတယ်။ (Xinhua ,18-Dec,2011)

## တရုတ်ကားအသစ်နဲ့ ဂျပန်ကားအဟောင်း

ချယ်ရီကားစလွန်းတစီကို ဒေါ်လာ ၆၀၀၀ နီးပါးနဲ့ ရောင်းချပေးမယ်လို့ စက်မှုဝန်ကြီးကဆိုပါတယ်။ ဂျပန် စလွန်းကားအဟောင်းတွေ ဒေါ်လာတသောင်း နှစ်သောင်းဈေးပေါက်နေချိန်မှာ အခုလို တရုတ်လုပ် ချယ်ရီကားအသစ်တွေကို ဒေါ်လာ ၆၀၀၀ နီးပါးနဲ့ရောင်းချတာဖြစ်ပါတယ်။ ကားကြိုက်သူများက တရုတ်ကားအသစ်ထက် ဂျပန်ကားအဟောင်းကိုပဲ သဘောကျကြောင်းရန်ကုန်မြို့ ကားပွဲစားတယောက်ကဆိုပါတယ်။ (VOB ,14-Dec,2011)

## ဂျာမဏီရဲ့ အကူအညီ

လက်ရှိမြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲနေမှုအပေါ် အနောက်နိုင်ငံများ အနေနဲ့ အကူအညီတွေပေးကြဖို့ အခွင့်သာနေပါပြီ။ မြန်မာလူထုဆင်ရဲတွင်းမှ ကယ်တင်ရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ကြိုးပမ်းကြဖို့ မြန်မာနိုင်ငံဆိုင်ရာ ဂျာမဏီသံအမတ်ကြီး Klaus Wild ကပြောဆိုပါတယ်။ အနောက်နိုင်ငံများနဲ့အတူ ဂျာမဏီနိုင်ငံကတော့ အဆင်သင့်ဖြစ်နေပြီလို့လည်း ပြောဆိုပါတယ်။ဂျာမဏီနိုင်ငံခြားရေးဝန်ကြီးဌာနအဆိုအရ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၃.၂ သန်းကို ကူညီပံ့ပိုးသွားဖို့ ဂျာမဏီမှ စီစဉ်ထားတယ်လို့ဆိုပါတယ်။ (Deutsche Welle ,13-Dec,2011)

# မြန်မာ့အရေး အမေရိကန်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တရုတ်စိတ်ဝင်စားဟုဆို

**VOA ၊ ဒီဇင်ဘာ ၁၃ ။** ။ မြန်မာနိုင်ငံမှာ တိုးတက်ပြောင်းလဲလာစေဖို့ ဒေသတွင်း မဟာမိတ်နိုင်ငံတွေဆီက ပူးပေါင်းဆောင်ရွက်မှုတွေရအောင်အာရှ ၃ နိုင်ငံကိုသွားခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲလ် (Derek Mitchell)ရဲ့ ခရီးစဉ်ဟာမနေ့က အင်္ဂါနေ့က ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ မြန်မာအစိုးရ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို တရုတ်နိုင်ငံက အမေရိကန်နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့စိတ်ဝင်စားတာတွေ့ရတယ်လို့ အခုနောက်ဆုံးသွားတဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်းမှာ မစ္စတာမစ်ချဲလ်ကပြောပါတယ်။ ဒါ့အပြင်မြန်မာနဲ့အမေရိကန်အကြား ဆက်ဆံရေးကောင်းမွန်ဖို့ ကြိုးစားတာမှာလည်း တရုတ်နိုင်ငံအပေါ် ခြိမ်းခြောက်မှုတခုအဖြစ် မမြင်သင့်ဘူးလို့လည်း သူကပြောပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ပိုပြီးလုပ်လာအောင် အားပေးဖို့နဲ့ အမေရိကန်-မြန်မာ ဆက်ဆံရေးပိုမိုကျယ်ပြန့်လာအောင်လုပ်ဖို့ အပါအဝင် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံဆိုင်ရာအမေရိကန် အထူးကိုယ်စားလှယ် မစ္စတာမစ်ချဲလ်ဟာ အာရှသုံးနိုင်ငံခရီးကို ထွက်လာခဲ့တာပါ။ သူဟာ ဒေသတွင်းနိုင်ငံတွေနဲ့ပါ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ကြိုးစားတဲ့အနေနဲ့ ဒီဇင်ဘာလ ၈ ရက်နေ့က တောင်ကိုရီးယားနိုင်ငံကို စတင်ခရီးထွက်ခွာခဲ့ပြီး ဂျပန်နိုင်ငံနဲ့တရုတ်နိုင်ငံကိုပါ သွားရောက်ခဲ့တာပါ။ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ တရုတ်နိုင်ငံမှာ ခရီးစဉ်ကို အဆုံးသတ်ခဲ့တယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရက VOA ကိုပြောပါ တယ်။

"မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးနဲ့ အထူးကိုယ်စားလှယ် ဒဲရက် မစ်ချဲလ် (Derek Mitchell) ရဲ့ တရုတ်နိုင်ငံ ဒုတိယနေ့ခရီးစဉ် အဆုံးသတ်သွားပြီဖြစ်ပါတယ်။ အင်္ဂါနေ့မှာ သူဟာ တရုတ်အစိုးရအရာရှိကြီးတွေနဲ့ရော တရုတ်နိုင်ငံမှာရှိတဲ့ အာဆီယံနိုင်ငံ သံရုံးတွေကတာဝန်ခံတွေနဲ့သာမက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပါတွေ့ဆုံခဲ့ပါတယ်။

ဒီလိုတွေ့ဆုံရာမှာ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူး မစ္စတာမစ်ချဲလ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) ရဲ့ မြန်မာနိုင်ငံခရီးစဉ် အပါအဝင် မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်ရဲ့ မူဝါဒတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့သလို မြန်မာနိုင်ငံမှာ မကြာခင်အချိန်အတွင်း ဖြစ်ထွန်းတိုးတက်မှုတွေအပေါ် သူတို့ရဲ့ အမြင်တွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် ၂ နိုင်ငံ ဘုံအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်တွေ၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနဲ့ လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်တွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ခြေတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်"

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနဲ့ မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ အကူအညီတွေပေးရေးကိစ္စတွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံကလည်း စိတ်ဝင်တစား ရှိနေတာတွေ့ရတယ်လို့ ဆိုပါတယ်။

"မြန်မာအစိုးရ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့တရုတ်တို့ ပူးတွဲဆောင်ရွက်ဖို့ ၂ နိုင်ငံစလုံးကစိတ်ဝင်တစားရှိကြတယ်လို့ ပီကင်းမှာ အမေရိကန်အထူးကိုယ်စားလှယ်က ပြောပါတယ်။ မြန်မာနိုင်ငံအထဲမှာရော တရုတ်-မြန်မာ နယ်စပ်တကြောမှာပါရှိနေတဲ့စိန်ခေါ်မှုတွေထဲမှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ ကျန်းမာရေးဆိုင်ရာပြဿနာတွေပါပါတယ်"။

အခုလိုဒေသတွင်းနိုင်ငံတွေနဲ့မြန်မာ့အရေးပူးပေါင်းဆောင်ရွက်နိုင်ဖို့လာရောက်ခဲ့တဲ့မစ္စတာမစ်ချဲလ်ဟာသူ့ရဲ့တရုတ်နိုင်ငံခရီးစဉ်အပြီး ပီကင်းမှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ အမေရိကန်နဲ့ မြန်မာတို့ကြား ဆက်ဆံရေးတိုးတက်လာမှုအတွက် တရုတ်နိုင်ငံအပေါ် ခြိမ်းခြောက်မှုတခုအနေနဲ့ မမြင်သင့်ဘူးလို့ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအတွက် သူ့အိမ်နီးချင်း ဘယ်နိုင်ငံနဲ့မှဆက်ဆံရေးတင်းမာတာမျိုးမဖြစ်စေချင်သလို တရုတ်-မြန်မာဆက်ဆံရေးမှာ အနုတ်လက္ခဏာတရပ်ဖြစ်လာစေဖို့ရည်ရွယ်ချက်လည်းလုံးဝမရှိပါဘူးလို့ဆိုပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွားနဲ့ဒေသတွင်း တည်ငြိမ်အေးချမ်းရေးတွေအတွက် အမေရိကန်နဲ့တရုတ် ၂ နိုင်ငံအတူပူးပေါင်းဆောင်ရွက်နိုင်ခြေတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံဘက်က တွက်ဆချက်တွေ၊ အမြင်တွေကိုသိရဖို့အတွက် တရုတ်အရာရှိတွေနဲ့ဆွေးနွေးခဲ့တယ်လို့လည်းသတင်းထောက်တွေကိုပြောပါတယ်။မြန်မာနိုင်ငံအပေါ်စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေကို ရုပ်သိမ်းပေးဖို့ မကြာသေးခင်ကပဲ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီအရေးယူဒဏ်ခတ်မှုဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ ဒီမိုကရေစီရေး ဖိနှိပ်မှုတွေကြောင့် ချမှတ်ထားတာမို့ မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲမှုတွေ ဆက်ပြီးလုပ်လာခဲ့ရင် ရုပ်သိမ်းပေးဖို့ဖြစ်လာမယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် Hillary Clinton က မြန်မာနိုင်ငံခရီးစဉ်အတွင်းပြောကြားခဲ့တာပါ။

မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးတွေ့လာရပေမယ့်အပြောင်းအလဲတွေဆက်ပြီးလုပ်ဖို့အတွက်လိုအပ်နေတာတွေ အများကြီးရှိနေသေးသလို မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးအတွက် မေးခွန်းထုတ်စရာတွေ ရှိနေသေးတယ်လို့ မစ္စတာမစ်ချဲလ်က ပီကင်းမှာ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အခုလိုပဲ အပြောင်းအလဲတွေဆက်ပြီး လုပ်နေမယ်ဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီရေးခရီးလမ်းကို လျှောက်လှမ်း ရာမှာ အမေရိကန်နိုင်ငံက မိတ်ဆွေကောင်းတယောက် အဖြစ်နဲ့ ရပ်တည်နေမှာဖြစ်သလို တွေ့လာရတဲ့တိုးတက်ပြောင်းလဲမှုတွေ အတွက် တဆင့်ချင်း အကူအညီတွေတိုးပေးပြီး တုံ့ပြန်ဖို့ ရှိတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

၂၀၀၃ ခုမှာ စစ်အစိုးရက ဒီပဲယင်းအရေးအခင်း ဖန်တီးပြီး ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက် ဖမ်းဆီးခဲ့တဲ့အခါ ဂျပန်နိုင်ငံက စီးပွားရေးအထောက်ပံ့တွေ ရပ်ဆိုင်းလိုက်ပေမယ့် လူသားချင်းစာနာရေးနဲ့အရေးပေါ် အကူအညီတွေ ဆက်လက်ပံ့ပိုးခဲ့ပါတယ်။ မြန်မာစစ်အစိုးရကို အကြမ်းကိုင်ရင် တရုတ်ဘက်ကို တွန်းပို့သလို ဖြစ်လိမ့်မယ်လို့လည်း အနောက်နိုင်ငံတွေကို သတိပေးခဲ့ပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဂမ်ဘာဟာ လာမယ့် ဒီဇင်ဘာလ ၂၅ ရက်က ၂၉ ရက်အတွင်း မြန်မာ၊ ထိုင်း နဲ့ ကမ္ဘောဒီးယား နိုင်ငံတွေကို လှည့်လည်သွားပါမယ်။

**ပြကွဒိန်မှ**

**ဒီဇင်ဘာ ၁၄ ।** BP ။ ။ ထိုင်းဝန်ကြီးချုပ် Yingluck Shinaawatra သည် နေပြည်တော်သို့ (၄) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဒီဇင်ဘာ ၁၉ – ၂၀ အစည်းအဝေးတက်ရောက်မည်။

**ဒီဇင်ဘာ ၁၄ ।** Sin Chew Jit Poh ။ ။ စစ်ဒဏ်ခံ ကလေး ထောင်ပေါင်းများစွာတို့သည် စိတ်ဝေဒနာ ခံစားနေရဖွယ်ရှိကြောင်း မြန်မာလူ့အခွင့်အရေးကော်မရှင်မှ သတိပေး၏။

**ဒီဇင်ဘာ ၁၄ ।** WSJ blog ။ ။ ဒလိုင်းလားမား မြန်မာသို့လာရန်ဆန္ဒရှိ၍ ခွင့်ပြုရန် အရှင်ဉာဏိဿရမှ မြန်မာအာဏာပိုင်များသို့ ပန်ကြားထား၏။

**ဒီဇင်ဘာ ၁၄ ।** VOA ။ ။ ထိုင်း–မြန်မာနယ်စပ်ရှိ လူဦးရေ ၁၂၀၀၀၀ ဦးခန့်ရှိ ဒုက္ခသည်များအတွက် မြန်မာအစိုးရ၏ တိုးတက်ပြောင်းလဲချက်များသည် နိမိတ်ကောင်းဆောင်ကြောင်း ဒုက္ခသည်အကူအညီနှင့် ပံ့ပိုးသောအသင်းများမှဆို၏။

**ဒီဇင်ဘာ ၁၄ ।** Asian Tribune ။ ။ မြန်မာအစိုးရသည် ကချင်တိုင်းရင်းများအပေါ် တိုက်ခိုက်နေခြင်းနှင့် ပြဿနာကို နိုင်ငံရေးအရမဖြေရှင်းလိုဘဲ စစ်ရေးအရဖြေရှင်းနေခြင်း ကြောင့်ပင် မြန်မာအပေါ် ပိတ်ပင်ထားမှု စိုင့်ရှင်များကို ဆက်လက်ထားသင့်ကြောင်း ကမ္ဘောဇဝင်းမှ သတင်းဝေဖန်၏။

**ဒီဇင်ဘာ ၁၄ ।** Irrawaddy ။ ။ မိမိအား အဘယ်ကြောင့် ရုတ်တရက်ဖိအားပေးမှုများ ပေါ်လာသည်ကို အတိအကျမသိသော်လည်း ကလင်တန်နှင့်တွေ့ဆုံပြီးနောက်မှ ဖြစ်လာကြောင်း အရှင်ပညာသီဟ မှဆို၏။

**ဒီဇင်ဘာ ၁၄ ।** Irrawaddy ။ ။ SSA(S) ရှမ်းပြည်နယ်တပ် (တောင်ပိုင်း) နှင့် တနေ့က ဆွေးနွေးခဲ့ပြီးနောက် နိုင်ငံအဆင့်ဆွေးနွေးပွဲအတွက် ဗိုလ်ချုပ်ဟောင်းအောင်မင်းဦးဆောင်သည့် ဆွေးနွေးရေးအဖွဲ့သစ် ဖွဲ့စည်းခဲ့ကြောင်း နိုင်ငံရေးသုံးသပ်သူများ တိုင်းရင်းသားအဖွဲ့များမှဆို၏။

**ဒီဇင်ဘာ ၁၄ ।** BBC ။ ။ အရှင်ပညာသီဟသည် မိမိသည် မိမိစိတ်မိမိကိုယ်ဖြင့် သာစုကျောင်းတိုက်မှ ထွက်ခွာမည်မဟုတ်ကြောင်းဖြင့်ဆို၏။

**ဒီဇင်ဘာ ၁၄ ।** Irrawaddy ။ ။ မြန်မာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျော့နည်းစေရေးကို မြန်မာ ထိပ်သီးအဖွဲ့လာစဉ် ပြောကြားရန် မြန်မာဒီမိုကရေစီရေးအိန္ဒိယအမတ်များအဖွဲ့မှတောင်းဆို၏။

**ဒီဇင်ဘာ ၁၄ ।** Mizzima ။ ။ မြန်မာသည် ပထမဆုံးသော ပြန်ကြားရေးဖုံးခေါ်စင်တာကို ရတနာပုံအမည်ဖြင့် ဒီဇင်ဘာ ၁၇ တွင် စဖွင့်မည်ဖြစ်ရာ ပထမ ၂ လသည် အခမဲ့ဖြစ်၏။

**ဒီဇင်ဘာ ၁၄ ।** Mizzima ။ ။ ကုလသမဂ္ဂအဖွဲ့များ၏ ကချင်ဒုက္ခသည်များအပေါ် အကူအညီကို ကေအိုင်အိုသည် လက်ခံသော်လည်း မြန်မာအစိုးရ၏ အလားတူ အကူအညီကို ငြင်းပယ်ခဲ့၏။

**ဒီဇင်ဘာ ၁၄ ।** Mizzima ။ ။ အဲန်အဲလ်ဒီသည် မကြာမီ ဒီလိုင်းအမည်ဖြင့် အပတ်စဉ်ဂျာနယ် ထုတ်ဝေတော့မည်။ ဦးဝင်းတင်၊ မောင်မိုးသူတို့အား အမှူးထားပြီး ဦးအုန်းကြိုင်၊ မုံရွာအောင်ရှင်၊ ဖျာပုံနီလုံဦး၊ ညိမ်းသစ်၊ နီမိုလှိုင်တို့ စာတည်း(တီး) များဖြစ်ကြ၏။

**ဒီဇင်ဘာ ၁၄ ।** DVB ။ ။ ထားဝယ် စီမံကိန်းအနီး ယခင်အပတ်ထဲက တိုက်ပွဲငယ်များဖြစ်ခဲ့၏။

**ဒီဇင်ဘာ ၁၄ ।** DVB ။ ။ ကချင်စစ်ဒုက္ခသည်များသို့ ကုလသမဂ္ဂမှ အကူအညီများစတင်ဖြန့်ချိန် သမတသိန်းစိန်မှ ပစ်ခတ်မှုရပ်ဆိုင်းရန် အမိန့်ထုတ်ပြီး ချိန်ဖြစ်သော်လည်း တိုက်ပွဲများ လုံးဝမစဲသေးကြောင်း။

**ဒီဇင်ဘာ၁၄ ।** DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲတွင် မြန်မာကိုဦးဆောင်နိုင်မည်ဖြစ်သော်လည်း မြန်မာတိုင်းရင်းသားများ၏ ထောက်ခံမှုပါရမှသာ အောင်မြင်မည်ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ် KNLA မှ ဆို၏။ တိုင်းရင်းအဖွဲ့များသည် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကတိစကားကို ကြားချင်စောင့်မျှော်နေကြောင်း Ner Dah မှဆို၏။

**ဒီဇင်ဘာ ၁၅ ।** RFA ။ ။ ထားဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အန္တရာယ်ကင်း၍ ရေရှည် ဖွံ့ဖြိုးမှုစီမံကိန်းဖြစ်စေလိုကြောင်း၊ မိမိတို့ ထိုက်သင့် လျော်ကြေးရလိုကြောင်း ဒေသခံများများပါသည့် ထားဝယ်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ ဒီဇင်ဘာ ၁၄ သတင်းရှင်းပွဲတွင်ဆို၏။

**ဒီဇင်ဘာ ၁၅ ।** RFA ။ ။ မီဒီယာဥပဒေပြဌာန်းရေး ရှေ့ပြေးအဖြစ် နှစ်ဆန်းတွင် စာတမ်းဖတ် နှီးနှောပွဲကျင်းပမည်။

**ဒီဇင်ဘာ ၁၅ ।** RFA ။ ။ နိုင်ငံရေးအကျဉ်းသားစာရင်း အတိအကျပြုစုနိုင်ရေးတွင် မည်သည့်အဖွဲ့နှင့်မဆို လက်တွဲနိုင်ကြောင်း AAPP နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ ယနေ့ဆို၏။

**ဒီဇင်ဘာ ၁၆ ।** RFA ။ ။ နိုင်ငံရေး အထိန်းအမှတ်ပွဲမျာ ကျင်းပလေ့ရှိသော ကြည့်မြင်တိုင် သာစုကျောင်း ရွှေညာဝါဆရာတော် ဦးပညာသီဟအား ကျောင်းတိုက်မှဖယ်ရှားရန် နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့မှ ၁၂ ရက် နေ့စွဲဖြင့် ဆုံးဖြတ်စာကို ၁၃ ရက်နေ့တွင် ပို့ခဲ့ကြောင်း ဒါယကာ ဒါယကာမများမှဆို၏။ ဆုံးဖြတ်ချက်အပေါ် ဦးပညာသီဟနှင့် လူထုမှ မေတ္တာရပ်ခံစာတင်ထား၏။

**ဒီဇင်ဘာ ၁၆।** RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကြားသိရအောင် မြန်မာဆိုင်ရာ တရုတ်သံအမတ်ကြီးမှ သူမနှင့် တွေ့ဆုံခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဌာနမှဆို၏။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ ရင်ကြားစေ့ရေး၊ လူမှုစီးပွားတိုးတက်ရေးကိုလည်း မြန်မာနှင့်လက်တွဲလျက်ရှိကြောင်းဖြင့် လည်းဆို၏။

**ဒီဇင်ဘာ ၁၆।** RFA ။ ။ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ရန် ဦးဇာဂနာနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ သုံးရက်ခရီးအဖြစ် ရောက်နေ၏။

**ဒီဇင်ဘာ ၁၆।** RFA ။ ။ မင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ ထောင်ပြောင်းမှုများဖြစ်နေရာ အင်းစိန်ထောင်သို့ ပြောင်းရွှေ့နေသည်ဟု အများမှထင်ကြောင်း။

**ဒီဇင်ဘာ ၁၅।** DVB ။ ။ ရွှေညာဝါဆရာတော်အား သံဃာ့မဟာနာယကအဖွဲ့၏ ကျောင်းမှဖယ်ရှားရန်ညွှန်ကြားချက်အပေါ် ဒေါ်အောင်ဆန်းစုကြည်မှ စိုးရိမ်ကြောင်း၊ အဲန်အဲလ်ဒီမှလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း။

**ဒီဇင်ဘာ၁၆।** DVB ။ ။ အဲန်အဲလ်ဒီမှတ်ပုံတင်ကိစ္စမပြီးသေး၍ ကြားဖြတ်ရွေးကောက်ပွဲ ရက် မသတ်မှတ်နိုင်သေးဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဌ ဦးတင်အေးမှဆို၏။

# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ် ဇန်နဝါရီလဆန်း မြန်မာပြည်သွားမည်

**VOA၊ ဒီဇင်ဘာ ၁၂။** ။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ် (William Hague) က မြန်မာနိုင်ငံကို နောက်နှစ် ဇန်နဝါရီလ အစောပိုင်းမှာသွားရောက်မှာဖြစ်တယ်လို့ ဝါရှင်တန်မြို့တော်မှာ ရောက်ရှိနေစဉ်တနင်္လာနေ့ကပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့နှစ်နိုင်ငံကြား အရေးပါတဲ့ကိစ္စရပ်တွေဆွေးနွေးအပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ပူးတွဲကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာအခုလို ဗြိတိန်ဝန်ကြီး ဝီလျံဟိတ်ဂ်က ပြောဆိုခဲ့တာဖြစ်ပါတယ်။ အကြောင်းစုံကို ဦးရောနီညိမ်းက တင်ပြထား ပါတယ်။

ဒီဇင်ဘာလ ၁၂ ရက်နေ့က ဝါရှင်တန်ဒီစီမြို့တော်ကိုရောက်ရှိနေတဲ့ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ်နဲ့အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ တွေ့ဆုံခဲ့ရာမှာ နှစ်နိုင်ငံကြားအလေးထားပြီး စိုးရိမ်မကင်းဖြစ်နေရတဲ့ ကိစ္စရပ်တွေဖြစ်တဲ့ ဥရောပစီး ပွားရေးပဋိပက္ခ၊ အီရန်အပေါ် တိုးမြှင့် အရေးယူဒဏ်ခတ်ရေးကိစ္စ၊ အာဖဂန်နစ္စတန်ရဲ့ အသွင်ကူးပြောင်းရေးကာလကိစ္စ၊ ပါကစ္စတန်အရေးကိစ္စတွေအပြင် မြန်မာနိုင်ငံအရေးကိစ္စကိုပါ ဆွေးနွေးခဲ့ကြပါတယ်။

အခုလို ဆွေးနွေးရာမှာ အာရှပစိဖိတ်ဒေသတွင်း အမေရိကန်ရဲ့ ပိုမိုပါဝင်လှုပ်ရှားလာတဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့လည်း ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ၅၆ နှစ်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ နိုဝင်ဘာလ ၃၀ ရက်နေ့ကနေ ဒီဇင်ဘာလ ၂ ရက်နေ့အထိ သုံးရက်ကြာ မြန်မာနိုင်ငံခရီးစဉ်ကို ဝန်ကြီးဟိတ်ဂ်က ကြိုဆိုထောက်ခံလိုက်ပြီး သူ့အနေနဲ့လည်း ရှေ့လ ဇန်နဝါရီလမှာ မြန်မာနိုင်ငံကို သွားရောက်မယ်လို့ သတင်းထောက်တွေကို အခုလိုပြောကြားခဲ့ပါတယ်။

"ကျနော်တို့ရဲ့ ဘုံဦးတည်ချက်က မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ လွတ်လပ်ခွင့်တွေ ပိုပြီးတော့ ရလာစေဖို့ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုတွေနဲ့ ဒီလိုလွတ်လပ်ခွင့်တွေပိုရရေး ဦးတည်ချက်ကို ပိုပြီးတော့ အောင်မြင်အောင်ဆောင်ရွက်ဖို့ပါ။ ဒါက သိပ်ကိုအရေးကြီးပါတယ်။ ကျနော် ဇန်နဝါရီလဆန်းထဲမှာမြန်မာနိုင်ငံကို သွားရောက်မှာဖြစ်ပြီး မြန်မာ့အရေးအပါအဝင် တခြားကိစ္စတွေနဲ့ ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုနဲ့ နီးနီးကပ်ကပ်ဆက်သွယ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ဟာ မြန်မာသမ္မတဦးသိန်းစိန်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်တွေ၊ မြန်မာနိုင်ငံက လွှတ်တော်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ခရီးစဉ်အပြီးမှာတော့ ဝန်ကြီးကလင်တန်က လွတ်လပ်ခွင့်တွေအတွက် မြန်မာနိုင်ငံမှာ အစပျိုးတဲ့ခြေလှမ်းတွေ တွေ့နေရပေမဲ့ တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေရှိလာဖို့ လုပ်စရာအလုပ်တွေ အများကြီးကျန်နေသေးတယ်လို့ ပြောဆိုသွားခဲ့ပါတယ်။

မြန်မာအစိုးရခေါင်းဆောင်တွေနဲ့ ဝန်ကြီးဟီလာရီကလင်တန်တို့အောင်မြင်စွာတွေ့ဆုံဆွေးနွေးနိုင်ခဲ့မှုအတွက်မိမိအနေနဲ့ဝမ်းမြောက်ဝမ်းသာရှိတယ်လို့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုခဲ့ပြီးတော့ တရုတ်နိုင်ငံကလည်း ဝန်ကြီးဟီလာရီကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကို ထောက်ခံကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ဂ်သွား ရောက်မယ့်သတင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း ကြိုဆိုကြောင်း သတင်းထောက်တွေကိုအခုလို ပြောကြားခဲ့ပါတယ်။

"ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံကို သွားရောက်မယ့် ခရီးစဉ်သတင်းကို ကျမကြိုဆိုပါတယ်။ သံတမန်ရေးအရဆက်လက်အရေးပေးဆောင်ရွက်သွားခြင်းအားဖြင့် ကျမတို့အနေနဲ့ မြန်မာအစိုးရသစ်ကို စမ်းသပ်နိုင်ဖို့ အခွင့်အလမ်းကောင်း ရလိမ့်မယ်လို့ ကျမထင်ပါတယ်။ ဒါ့အပြင် ၂၁ ရာစုမှာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းကြား နေရာမှန်ရောက်နိုင်ဖို့ ကြိုးပမ်းမှုအတွက်လည်းအဟန့်အတားဖြစ်နေတဲ့ ကျန်ရှိနေသေးတဲ့ ပြဿနာတွေ ဖြေရှင်းရေးအတွက်လည်း လုပ်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ မြန်မာအစိုးရသစ်အနေနဲ့ ဆန္ဒရှိတယ်ဆိုရင် ဘယ်လိုလမ်းမျိုးလျှောက်လှမ်းရမယ်ဆိုတာကရှင်းပါတယ်။"

ဗြိတိသျှဝန်ကြီးဝီလျံဟိတ်ဂ် မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်သလို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၅ ရက်နေ့ကလည်း မြန်မာနိုင်ငံကိုဗြိတိန်ရဲ့နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးအန်ဒရူးမစ်ချဲလ်သုံးရက်ကြာခရီးသွားရောက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရ ဦးရွှေမန်းအပါအဝင် မြန်မာအစိုးရခေါင်းဆောင်တွေ၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံဆွေး နွေးခဲ့ပါ တယ်။

ဝန်ကြီး အဲန်ဒရူးမစ်ချဲလ်ကလည်း မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေကို သတိကြီးကြီးနဲ့အကောင်းမြင် သုံးသပ်နေမယ်လို့ သူ့ရဲ့ မြန်မာနိုင်ငံခရီးစဉ်အပြီးမှာ ပြောဆိုခဲ့ပါတယ်။

## ဂျပန်အစိုးရရဲ့ ODA နဲ့ပတ်သက်ပြီး FTUB ပန်ကြား

**RFA၊ ဒီဇင်ဘာ ၁၄ ။** ။ ပြုပြင်ပြောင်းလဲမှုတွေကို သိသာထင်ရှားစွာ ဆက်လက်လုပ်ဆောင်တဲ့အပေါ် မူတည်ပြီး ဂျပန်အစိုးရအကူအညီ ODA ပေးသင့်တယ်လို့ ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ ဒီကနေ့ တွေ့ဆုံရာမှာ FTUB မြန်မာအလုပ်သမားသမဂ္ဂနဲ့ RENGO ဂျပန် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်တွေက ပန်ကြားခဲ့ပါတယ်။

ဒီလိုပန်ကြားပြောဆိုခဲ့တာနဲ့ပတ်သက်လို့ ဂျပန် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ TOSHIYUKI KATO က ပြန်လည်ဖြေကြားသွားတယ်လို့ FTUB ဂျပန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာမင်းညိုက အာရ်အက်ဖ်အေကို ပြောပါတယ်။

ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့ပြီးနောက် ဂျပန်နိုင်ငံခြားရေးဌာနက ညွှန်ကြားရေးမှူးနဲ့ ဒုညွှန်ကြားရေးမှူးတွေနဲ့တွေ့တဲ့အခါ အဖွဲ့အစည်းတွေအနေနဲ့ ODA ကိစ္စ အကြံဉာဏ်ပေးနိုင်ခွင့်ကို စဉ်းစားမယ့်အကြောင်း သိခဲ့ရတယ်လို့လည်း ဒေါက်တာမင်းညိုကပြောပါတယ်။

ဂျပန် နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီးနဲ့ သွားရောက်တွေ့ဆုံရာမှာ FTUB နာယက ဒေါက်တာမင်းညို၊ FTUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်နဲ့ RENGO ဂျပန် အလုပ်သမားသမဂ္ဂ အတွင်းရေးမှူး Mr. Nakomo တို့ ပါဝင်ကြပါတယ်။

# တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် မြန်မာနိုင်ငံသွားမည်

**VOA ၊ ဒီဇင်ဘာ ၁၃ ။** ။ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ဟာ မြန်မာနိုင်ငံမှာ ကျင်းပဖို့ရှိတဲ့ မဲခေါင်မြစ်ကြောင်းတလျှောက် ပါဝင်တဲ့ နိုင်ငံများအစည်းအဝေးကိုတက်ရောက်ဖို့အတွက် ရှေ့လာမယ့်သီတင်းပတ်အတွင်း မြန်မာနိုင်ငံကိုသွားဖို့ရှိတယ်လို့အစည်းအဝေးကို စီစဉ်သူတွေနဲ့နည်းစပ်သူတွေကို ကိုးကားပြီး ရိုက်တာသတင်းမှာရေးသားထားပါတယ်။

မြန်မာနိုင်ငံရဲ့အရပ်သားအစိုးရသစ်ကို နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနဲ့ နိုင်ငံတကာအသိုင်းဝိုင်းနဲ့ ပြန်လည်ထိတွေ့ ဆက်ဆံရေးတွန်းအားပေးဖို့အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟယ်လာရီကလင်တန်မြန်မာနိုင်ငံကိုသွားရောက်ခဲ့ပြီးနောက်အခုဝမ်ရဲ့ခရီးစဉ်ထွက်ပေါ်လာတာပါ။

တရုတ်နိုင်ငံဟာ မြန်မာအစိုးရနဲ့ ရေရှည်နီးနီးကပ်ကပ်ဆက်ဆံလာခဲ့တဲ့တိုင်းပြည်ဖြစ်ပြီး မြန်မာအစိုးရဖက်က တရုတ်နိုင်ငံနဲ့ပြုလုပ်ထားတဲ့ ရေအားလျှပ်စစ်ထုတ်ဖို့ အစီအစဉ်နဲ့တည်ဆောက်နေတဲ့ဆည်ကာတာစီမံကိန်းကို ရပ်ဆိုင်းလိုက်မှုက ဆက်ဆံရေးမှာ အဖုအထစ်ဖြစ်စေခဲ့ပါတယ်။

ဒီအတောအတွင်း အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်က မြန်မာနဲ့အမေရိကန်ကန်အကြား ဆက်ဆံရေးတိုးတက်လာမှုက တရုတ်နိုင်ငံအပေါ်ခြိမ်းခြောက်မှုတခုအဖြစ်မမြင်သင့်ကြောင်း ပြောဆိုလိုက်ပါတယ်။

ပီကင်းမြို့ကို သွားရောက်လည်ပတ်တဲ့ခရီးစဉ်အပြီး အင်္ဂါနေ့က သတင်းထောက်တွေကို ပြောကြားရာမှာ မစ္စတာဒဲရက်မစ်ချယ်က အမေရိကန်နဲ့မြန်မာရဲ့ဆက်ဆံမှုကြောင့် တရုတ်နဲ့မြန်မာဆက်ဆံရေးအပေါ် မကောင်းတဲ့အကျိုးဆက်ဖြစ်ပေါ်စေနိုင်တဲ့ ရည်ရွယ်ချက်မျိုးအမေရိကန်နိုင်ငံမှာ စိုးစဉ်းမှမရှိဘူးလို့ ပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန်က မြန်မာနိုင်ငံခရီးစဉ်အတွင်း အရပ်သားအစိုးရအသစ်အနေနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်အကောင်ထည်ဖော် လုပ်ဆောင်သွားမယ်ဆိုရင် ဝိတ်ဆို့အရေးယူထားတာတွေကို ယုတ်သိမ်းပေးဖို့ အမေရိကန်ဖက်က စဉ်းစားမှာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ဒီခရီးစဉ်အတွင်း တရုတ်နိုင်ငံပိုင် သတင်းစာတစောင်ကတရုတ်နိုင်ငံရဲ့အကျိုးစီးပွားကို မထိခိုက်ဖူးဆိုရင် မြန်မာနဲ့အနောက် နိုင်ငံတွေရဲ့ဆက်ဆံမှုကို ကန့်ကွက်စရာမရှိပါဘူးဆိုပြီး ရေးသားခဲ့ပါတယ်။

တချို့ကတော့ ဝန်ကြီးကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ တရုတ်နဲ့နှစ်ပေါင်းရှည်ကြာ မိတ်ဆွေဖြစ်နေတဲ့ မြန်မာနိုင်ငံကိုအမေရိကန်ဘက် ယိမ်းလာအောင် ကျိုးပမ်းချက်တရပ်အဖြစ်မြင်နေကြပါတယ်။

# အစိုးရစစ်တပ်ထိုးစစ်ကြောင့် ကချင် စစ်ပြေးဒုက္ခသည်အခြေအနေ ပိုမိုဆိုးရွား

**DVB၊ ဒီဇင်ဘာ ၁၅ ။** ။ တရုတ်ပြည် လုံချွမ်ခရိုင် ခင်ချန်ရွာနဲ့ ကပ်လျက် ကချင်ပြည်နယ် ခါနန်ရန်စခန်းမှာ ခိုလှုံနေတဲ့ ကချင်စစ်ပြေးဒုက္ခသည်တွေဟာ သောက်သုံးရေနဲ့ဆေးဝါးအကူအညီတွေ မရရှိတာကြောင့် ကျန်းမာရေးအခြေအနေ အတော်ဆိုးရွားပြီး အသေအပျောက်ရှိနေပါတယ်။

ဒုက္ခသည်တွေကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့လူမှုအကူအညီ ပေးနေတဲ့ လူထုအလင်းအဖွဲ့ တာဝန်ခံ ဆရာမမိုင်ဂျာက .....

“စခန်းကလူတွေ ထက်ဝက်ကျော်လောက်က ဝမ်းပျက်ဝမ်းလျှောတဲ့ ပြဿနာတွေ ဖြစ်နေတယ်။ ၈ ရက်နေ့မှာ ကလေးလေးတယောက်သေသွားတယ်။ ၁၄ ရက်နေ့မှာ အသက် ၅၀ ကျော်အရွယ် အမျိုးသမီးတယောက်သေသွားတယ်။ သူတို့ဆီမှာ ရေအခက်အခဲရှိတယ်။ ရေကလည်း မသန့်ဘူး။ နောက်တယောက်က ၁၁ ရက်နေ့က တီဘီနဲ့ဆုံးသွားတယ်။ သူတို့နေတဲ့နေရာက ကလေးတွေလည်း အများကြီးပဲ။ အခု တီဘီနဲ့ဆုံးသွားတော့ ကျမတို့စိုးရိမ်တာပေါ့နော်။ တီဘီကာကွယ်ရေးအတွက် ကျမတို့ဘာမှမလုပ်နိုင်ဘူး” လို့ ပြောပါတယ်။

ဒုက္ခသည်တွေကို ဘယ်လိုအကူအညီပေးရမယ် ဆိုတာကို လေ့လာဖို့ ဒီဇင်ဘာ ၁၄ ရက်နေ့က ကုလသမဂ္ဂက စောင့်ရှောက်ရေးအဖွဲ့တွေ လိုင်ဇာကိုသွားပြီး ပဏာမ အကူအညီ တချို့ပေးခဲ့ပေမယ့် ခါနန်ရန်နဲ့ အနီးအနားက စခန်းတွေကိုတော့ မရောက်ခဲ့သေးပါဘူး။

ကူညီကယ်ဆယ်ရေးအခြေအနေနဲ့ပတ်သက်လို့ ဆရာမ မိုင်ဂျာက .....

“ဒေသခံတွေ ဝိုင်းကူတာရှိတယ်။ တရုတ်ပြည်ထဲက ကချင်တွေ၊ တရုတ်တွေပေါ့နော်။ နောက်ပြီး မြန်မာပြည်ထဲကရော နိုင်ငံခြားရောက်နေတဲ့ မြန်မာတချို့ ကူတာတွေရှိတော့ လောလောဆယ် ဆန်တော့ပေးထားနိုင်တယ်။ ဒါပေမယ့် ဆီ ဆားတို့ ကျန်တဲ့ဟင်းတို့တော့ လုံလုံလောက်လောက် မပေးနိုင်ဘူးဖြစ်နေတယ်။ လိုအပ်နေတာကတော့ ဆေးဝါး၊ ကျန်းမာရေး၊ ပြီးရင် အစားအသောက်တွေ ကျမတို့ ဖူဖူလုံလုံ မပေးနိုင်တော့ ကလေးလေးတွေ အာဟာရပြတ်ပြီးတော့ ဆေးရုံရောက်သွားတာတွေရှိတယ်” လို့ ပြောပါတယ်။

ခါနန်ရန် ဒုက္ခသည်စခန်းမှာ ဒုက္ခသည်တွေ ခိုလှုံနေကြတာ ၆ ရက်ရှိပြီဖြစ်ပြီး ကလေးတွေအပါအဝင် ဒုက္ခသည် စုစုပေါင်း ၁၄၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။

ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းတွေမှာ ဒုက္ခသည် ၂ သောင်းကျော်ရှိတယ်လို့ သိရပြီး တိုက်ပွဲတွေ မရပ်သေးတာကြောင့် ဒုက္ခသည်တွေ နေ့စဉ် ထပ်တိုးလာနေတယ်လို့ ဆိုပါတယ်။

အစိုးရက ဒီနေ့ထုတ်ပြန်တဲ့ ကချင်ဒေသ စစ်ဘေးဒုက္ခသည် သတင်းမှာတော့ စစ်ပြေးကလေးတွေဟာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နေကြတယ်လို့ ဖော်ပြထားပြီး အသေအပျောက်ရှိတဲ့ အကြောင်းတော့ ဖော်ပြမထားပါဘူး။

ဇွန်လကတည်းက အစိုးရတပ်တွေနဲ့ကချင်လွတ်လပ်ရေးတပ်မတော် ကေအိုင်အေကြားမှာ တိုက်ပွဲတွေ ဖြစ်ပွားနေခဲ့တာကြောင့် လိုင်ဇာဒေသမှာလည်း စစ်ပြေးဒုက္ခသည် ၂ သောင်းကျော်ရှိပါတယ်။

# ရွှေညဝါဆရာတော်အား ကျောင်းတိုက်မှဖယ်ရှားဖို့ မဟာနာယကမှ ညွှန်ကြား

**Mizzima၊ ဒီဇင်ဘာ ၁၅ ။** ။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့က မန္တလေးတိုင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်NLD၌တရားဟောခဲ့သော ရွှေညဝါဆရာတော် အရှင်ပညာသီဟကို ၎င်းသီတင်းသုံးနေထိုင်သည့် ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိကျောင်းတိုက်မှ ဖယ်ရှားရန် နိုင်ငံတော်သံဃာ့မဟာနာယကမှ ဒီဇင်ဘာ ၁၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်ညွှန်ကြားလိုက်သည်။

မန္တလေးတိုင်း NLD ရုံး၌ တရားဟောခဲ့ခြင်းနှင့်စပ်လျဉ်း၍ သာစုကျောင်းတိုက်မှ ဖယ်ရှားရန်၊ သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်၏ ဆုံးမညွှန်ကြားသည်ကိုမနာခံပါက ဒုဗ္ဗစပုဂ္ဂိုလ် (ဆုံးမ၍မရသောသူ) အဖြစ် သတ်မှတ်ရန်အပြင် နိုင်ငံတော်သံဃာ့မဟာနာယက၏ ခွင့်ပြုချက်မရပဲ သာစုပရိယတ္တိ ကျောင်းတိုက်အတွင်း မည်သည့်သင်တန်းမှ ဖွင့်လှစ်ဆောင်ရွက်ခြင်းမပြုရဟု ညွှန်ကြားချက်၌ ပါရှိသည်။

ယင်းညွှန်ကြားချက်ကို ရန်ကုန်တိုင်း သံဃာ့မဟာနာယက မှ တဆင့် သာစုကျောင်းတိုက်သို့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ပို့ဆောင်ခဲ့ပြီး ရွှေညဝါဆရာတော်အနေဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသွားရန် ဆန္ဒရှိနေကြောင်း ဆရာတော်က မိန့်ကြားသည်။

“တိုင်းကနေ စာပို့လာတာ ဟုတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးဒီအခြေအနေမှာ ဘာဆုံးဖြတ်မယ်ဆိုတာကို ဦးဇင်းအနေနဲ့ ဘာမှ မပြောချင်သေးပါဘူး။ ဦးဇင်းဘက်ကနေပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းပဲဖြေရှင်းဖို့ ဆန္ဒရှိပါတယ်” ဟု အရှင်ပညာသီဟက မဇ္ဈိမကို မိန့်ကြားသည်။ ရွှေညဝါဆရာတော်မှာ ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ၂၀၁၂ ဖေဖော်ဝါရီ ၁၁ နေ့ထိ တရားမဟောရန်အတွက် ရန်ကုန်တိုင်း သံဃာ့မဟာနာယကအဖွဲ့က ပိတ်ပင်ထားသည်။

သံဃာ့မဟာနာယက၏ ဖိအားပေးမှုကြောင့် ကျောင်းတွင်းဖွင့်လှစ်ထားသည့် သာစုပရိယတ္တိ စာသင်တိုက် အပါအဝင် ရွှေညဝါပညာ့ဗိမာန်တို့ကို လက်ရှိတွင် ပိတ်ထားလိုက်ရသည်။ ယင်းပရိယတ္တိစာသင်တိုက်တွင် သံဃာတော်ပေါင်း ၅၀ ခန့် စာဝါချလျက် ရှိသည်။

မြန်မာအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုဗယ်ငြိမ်းချမ်းရေးဆု ရရှိခြင်း နှစ် ၂၀ ပြည့် အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့က ဆရာတော်၏ကျောင်းတိုက်တွင် ကျင်းပခွင့်ပေးခဲ့ပြီး ဆရာတော်ကိုယ်တိုင် အမှာစကား မြွက်ကြားချီးမြှင့်ခဲ့သည်။

ထို့အပြင် NLD ၏ အခြား နိုင်ငံရေးဆိုင်ရာပွဲများ၊ အလှူအတန်းပြုလုပ်ခွင့်များကိုလည်း ဆရာတော်ကျောင်းတိုက်တွင် ခွင့်ပြုပေးခဲ့သည်။ ဆရာတော်မှာမကြာသေးမီကမြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ခရီးစဉ်အတွင်း ထင်ရှားသည့် လူမှုရေးလုပ်ငန်း လုပ်ဆောင်သူများနှင့်အတူ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သေးသည်။

သံဃာ့မဟာနာယက၏ထုတ်ပြန်ချက်တွင်ပါရှိသည့်ဒုဗ္ဗစပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခြင်းမှာ ဆရာတော်အား ယင်းနေရပ်မှ စွန့်၍အခြားနေရာတွင် ပြောင်းရွှေ့သီတင်းသုံးရန် ဖိအားပေးခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် ဆရာတော်အရှင်ဇဝနက မိန့်သည်။

ယင်းကဲ့သို့ ပြောင်းရွှေ့ခံရမည်ကို စိုးရိမ်သူ ကျောင်းတိုက်မှစာသင်သား သံဃာအပါး ၅၀ ခန့်နှင့် ဒါယကာ၊ ဒါယိကာမများမှာကျောင်းတိုက်တွင်း ကြာသပတေးနေ့ နံနက်ပိုင်းကတည်းက စုဝေးရောက်ရှိနေပြီး ကျောင်းပြင်ဘက်တွင်လည်း အခြားသော ကျောင်းတိုက်များမှ သံဃာတော်များ၊ သတင်းထောက်များအပြင် အရပ်ဝတ် စစ်ဘက်ထောက်လှမ်းရေး အပါအဝင် စုစုပေါင်း ဦးရေ ၂၀၀ ကျော် စောင့်ကြည့်လျက်ရှိသည်။

“ဆရာတော်က ဒီလိုစာရောက်လာတယ်လို့လည်း အကြောင်းကြားလိုက်ရော တပည့်ဒကာတွေက ကျောင်းကို ဝိုင်းလိုပြီးတော့ရောက်လာကြတယ်။ ဆရာတော်ကတော့ စိတ်အေးအေးထားကြဖို့ ငြိမ်းချမ်းစွာ ဖြေရှင်းမယ်လို့ပြောတယ်” ဟု ဆရာတော်အနီးရောက်ရှိနေသည့် ဒါယိကာတဦးက မဇ္ဈိမကို ပြောသည်။

မွန်းလွဲပိုင်းတွင် NLD ခေါင်းဆောင် ဦးတင်ဦးက ရွှေညဝါ ဆရာတော်အား သွားရောက်လျှောက်တင်စကားဆိုခဲ့ပြီး အပြင်မှ စောင့်ဆိုင်းနေသောသူများအား “အားလုံး ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သွားမှာပါ” ဟု ပြောဆိုခဲ့ကြောင်း ကျောင်းတိုက်ရှေ့တွင် ရောက်ရှိနေသည့် သတင်းထောက်များက မဇ္ဈိမကို ပြောသည်။

အလားတူ ဆရာတော် အရှင်ပညာသီဟကလည်း ကျောင်းရှေ့တွင်ရောက်ရှိနေကြသည့် လူအုပ်အား “မလိုလားအပ်တဲ့ မြားဦးဘက်ကိုလှည့်မသွားအောင် ထောင်ချောက်ထဲကို ရောက်သွားမှာစိုးလို့ အဲဒီလိုမဖြစ်အောင် အားလုံးသတိတရားကိုယ်စီနဲ့ ထိန်းသိမ်းပေးကြပါ။ မိမိတို့နေထိုင်ရာ အိမ်နေရာဌာနကို အားလုံးပြန်သွားကြဖို့ မေတ္တာရပ်ခံပါတယ်။ ဒါဟာ ဘုန်းကြီးအကျိုးကို တကယ်လိုလားတဲ့ လူတွေအတွက် ဒီစကားကို အလေးအနက်ထားပြီး နားထောင်ပေးကြပါ” ဟု မေတ္တာရပ်ခံခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလထဲတွင်က မန္တလေးမြို့၌ နိုင်ငံရေးအကျဉ်းသားများနှင့် အကျဉ်းကျသံဃာတော်များ လွှတ်ပေးရန်တောင်းဆိုသည့် သံဃာတော်များကိုလည်း မန္တလေးတိုင်း သံဃာ့မဟာနာယကနှင့်အာဏာပိုင်များပူးပေါင်း၍ နယ်မြို့များသို့ပို့ဆောင်ပစ်ခဲ့ဖူးသည်။

တချိန်တည်းမှာပဲ ရွှေညဝါဆရာတော်အား ယခုကဲ့သို့ အပြစ်မဲ့လုပ်ဆောင်နေခြင်းကို ပြည်ပရောက် ရဟန်းတော်များက ကန့်ကွက်လိုက်ပြီး သာသနာနှင့်ပြည်သူဘက်မှ ရပ်တည်မည့် စစ်မှန်သောသံဃာ့မဟာနာယကအဖွဲ့ကြီးပေါ်ပေါက်စေရန်ကြာသပတေးနေ့တွင်ကြေညာချက်ထုတ်ပြန်လိုက်သည်။

“တကယ်က ဓမ္မစက်ရှေ့ကသွားရမှာ။ အာဏာပိုင်တွေ ခိုင်းတာလိုက်လုပ်နေရတဲ့ ဘဝရောက်နေတယ်။ တဖြေးဖြေးတော ရှာအထိရောက်အောင် ပို့မှာပေါ့” ဟု ထုတ်ပြန်ချက်အား ဦးဆောင်ပါဝင်သူ အရှင်ဇဝနက မဇ္ဈိမကို မိန့်ကြားသည်။

နိုင်ငံတဝန်းရှိ သံဃာတော်များအနေဖြင့် လွတ်လပ်စွာ တရားဟောပြောခွင့်၊ ဒါယိကာ ဒါယကာများ၏ ဖိတ်ကြားမှုအား လက်ခံခွင့်၊ အခြားသောကျောင်းတိုက်များ၌သီတင်းသုံးခွင့်များကိုအာမခံချက်ပေးနိုင်သည့် သံဃာ့မဟာနာယကအဖွဲ့ ပေါ်ပေါက်ရန်လည်း ထုတ်ပြန်ချက်မှတဆင့် တိုက်တွန်းထားသည်။ သံဃာ့မဟာနာယက အဖွဲ့ကိုလည်း အထက်ပါ အချက်များအား ဖော်ဆောင်ပေးနိုင်သည့် နာယက ဆရာတော်များနှင့်သာ ဖွဲ့စည်းရန် ထုတ်ပြန်ချက်တွင်ပါရှိသည်။

# ပြည်သူ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ သတင်းသမားများနှင့်တွေ့မည်

**DVB၊ ဒီဇင်ဘာ ၁၆ ။** ။ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနဲ့ ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ရန်ကုန်က မီဒီယာသမားတွေကို ဒီဇင်ဘာ ၂၃ ရက်နေ့မှာ တွေ့ဆုံမယ်လို့ သိရပါတယ်။

တတိယအကြိမ် လွှတ်တော်မှာ မီဒီယာဥပဒေကို တင်တဲ့အခါ ပြင်ဆင်ဖို့နဲ့ အကြံပေးနိုင်ဖို့ ရန်ကုန်က မီဒီယာသမားတွေနဲ့ တွေ့ဆုံရတာဖြစ်တယ်လို့ အဲဒီကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောပါတယ်။

“လွှတ်တော်မပြီးခင်တုန်းက ကျနော်တို့ကော်မတီမှာ အစည်းအဝေးတခုလုပ်တယ်။ အဲဒီမှာ တတိယအကြိမ် အစည်းအဝေးပြန်လုပ်ရင် မီဒီယာက မီဒီယာဥပဒေတင်လာဖို့ရှိတယ်လို့ ကြားရတယ်။ သူတို့ပြီးပြီလား၊ မပြီးသေးဘူးလားတော့ မသိဘူး။ ဒါပေမယ့်တတိယအကြိမ်မှာတော့ တင်လိမ့်မယ်။

တင်လို့ရှိရင် ကျနော်တို့ကော်မတီက အဲဒါကို ဦးစီးပြီးတော့ ပြင်ဖို့၊ အကြံပေးဖို့တို့ လုပ်ရမှာဆိုတော့ မီဒီယာသမားတွေအနေနဲ့ဘယ်လိုဖြစ်စေချင်တယ်၊ ဘာတွေအဆင်မပြေတာတွေရှိလဲဆိုတာကို ကြိုသိထားရင်ကောင်းတယ် ဆိုပြီးတော့ ဆွေးနွေးတာရှိတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ သူတို့နဲ့ တတိယအကြိမ် ဆွေးနွေးပွဲမတိုင်ခင်မှာ တွေ့ဆုံရအောင် ကျနော်တို့ကစဉ်းစားထားတယ်။ အဲဒါကို ဥက္ကဋ္ဌသူရဦးဝင်းမြင့်ကပိတ်တဲ့ရက်မှာ စီစဉ်လိုက်မယ်ဆိုပြီးတော့ အခုချိန်းပြီးတော့ သူတို့စီစဉ်တာထင်တယ်။”

အရင်တကြိမ်တုန်းက နေပြည်တော်မှာ တွေ့ဆုံခဲ့တာဖြစ်ပြီး မီဒီယာသမားတွေနဲ့ စုံစုံလင်လင် မတွေ့ရတဲ့အတွက် အခုတကြိမ် ရန်ကုန်မှာ ကျင်းပရတာဖြစ်တယ်လို့လည်းဆိုပါတယ်။

မီဒီယာသမားတွေနဲ့ တွေ့ဆုံတာ ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး ဘာတွေ ဆွေးနွေးခွင့်ရမလဲဆိုတာကို စောင့်ကြည့်ရဦးမယ်လို့ မြန်မာသမဂ္ဂ စီးပွားရေးဂျာနယ် အယ်ဒီတာချုပ် ကိုသက်ဇင်ကပြောပါတယ်။

“တကယ်တမ်း ဆွေးနွေးတဲ့အခါမှာ ဘယ်သူတွေကို ဖိတ်ကြားမလဲဆိုတာ နည်းနည်း စဉ်းစားရမယ့်အပိုင်းဖြစ်တယ်။ တဖက်က ဖိတ်ကြားတဲ့လူဘက်ကလည်း စဉ်းစားမှာပဲ။ ဖိတ်ကြားခံရမယ့်သူတွေဘက်ကလည်း ငါတို့တော့ ဖိတ်ကြားခံရပ့ါမလား၊ အဲ့လိုပြဿနာရှိတယ်။ ဘာကြောင့်လဲဆိုတော့ မီဒီယာဥပဒေဆိုတာ မီဒီယာလောကသားအားလုံးနဲ့ ပတ်သက်နေတဲ့တော့ စာပေစာနယ်ဇင်းအဖွဲ့ဝင်တွေ ပဲဖိတ်မှာလား၊ ဒါမှမဟုတ် ဒီမှာရှိနေတဲ့ မီဒီယာလောကသားတွေ အကုန်လုံးပေ့ါလေ။ အယ်ဒီတာချုပ်တွေ၊ ဂျာနယ်ထုတ်ဝေတဲ့သူတွေ၊ စာပေလော ကသားတွေအတွက် ကြည့်ရင်လည်း အယ်ဒီတာချုပ်တွေကြီးပဲဖိတ်မှာ လား။ စီအီးအိုကြီးပဲ ဖိတ်မလား။ ဒါမှမဟုတ်ရင် အယ်ဒီတာတွေ အကုန်ပါမလား။ သတင်းထောက်တွေရော ပါခွင့်ရမလား။ ဘယ်လောက် အချိုးအစားနဲ့ ပါဝင်ခွင့်ရမလဲ။

“ဒါပေမယ့် အဲ့ဒါ ကြားတာနဲ့ပတ်သက်ပြီး အခုချိန်ထိ ကျနော်တို့ကိုယ်တိုင် ဖိတ်ကြားမခံရသေးဘူး။ ကျနော်တို့ တိုက်ကိုလည်း ဖိတ်ကြားစာ မလာသေးဘူး။ ကျနော်တို့အနေနဲ့ ဒီကိစ္စကို ဘာမှကြိုပြောလို့ မရသေးဘူး။ ၂၃ ရက်နေ့ မတိုင်ခင်ထိ စောင့်ကြည့်ရမယ်။ အဲဒီမှာမှ ကျနော်တို့က ဖိတ်ကြားခံရလား။ အဲဒီပွဲကို ရောက်သွားရင် ဘယ်သူတွေ တက်ရောက် ဆွေးနွေးခွင့်ရှိသလဲဆိုတာကို မူတည်ပြီးတော့မှဘယ်လောက်ထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်တယ်ဆိုတာကို မှတ်ချက်ပေးလို့ရမှာပေ့ါ။”

## ထိုင်းဝန်ကြီးချုပ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမည်

**DVB၊ ဒီဇင်ဘာ ၁၆ ။** ။ မြန်မာနိုင်ငံမှာ လက်ခံကျင်းပမယ့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတက်ဖို့ရှိတဲ့ ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ် ရှင်နာဝပ်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမယ်လို့သိရပါတယ်။

ထိုင်းဝန်ကြီးချုပ် ယင့်လပ်ခ်ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်္ဂါနေ့ ညနေပိုင်းမှာ တွေ့ဖို့ရှိတဲ့အကြောင်း ထိုင်းဝန်ကြီးချုပ်ရုံး ပြောခွင့်ရကပြောပါတယ်။ ဒီအစည်းအဝေးကို ထိုင်းဝန်ကြီးချုပ် မစ္စယင်းလတ် ရှင်နာဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဆူရာပေါင်နဲ့ စွမ်းအင်ဝန်ကြီးတို့လည်း လိုက်ပါပြီးဒေသတွင်းက အကြီးအကဲတွေတက်ရောက်မှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံကို မြန်မာပြည်ကတင်ပို့နေတဲ့ ဓာတ်ငွေ့ပမာဏဟာ ထိုင်းတနိုင်ငံ စွမ်းအင်လိုအပ်ချက်ရဲ့ ၃၀ ရာခိုင်နှုန်းရှိပါတယ်။ အစည်းအဝေးမှာ စီးပွားရေးဆိုင်ရာကိစ္စတွေ ဆွေးနွေးသွားဖွယ်ရှိပြီး အသေးစိတ်ကို မသိရဘူးလို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခွင့်ရသူတဦးကပြောပါတယ်။

ဆွေးနွေးပွဲတက်ရောက်မယ့် ထိုင်းအစိုးရ အဖွဲ့ဝင်များကတော့ စွမ်းအင်ကဏ္ဍ ကိစ္စရပ်များကို မြန်မာနဲ့ သီးခြားဆွေးနွေးသွားမယ်လို့ ထိုင်းနိုင်ငံထုတ် နေရှင်းသတင်းစာမှာ ရေးသားထားပါတယ်။

ဒီအစည်းအဝေးကို နေပြည်တော်က မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) မှာ လာမယ့် တနင်္လာနဲ့ အင်္ဂါနေ့တွေမှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

## ဟာသသရုပ်ဆောင်ကိုဇာဂနာနဲ့အဖွဲ့ ထိုင်းနိုင်ငံရောက်

**RFA၊ ဒီဇင်ဘာ ၁၆ ။** ။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရိုက်ကူးရာမှာ အထောက်အကူပြုနိုင်ဖို့ သုံးရက်ကြာ လေ့လာရေးခရီးအဖြစ်ဟာသသရုပ်ဆောင် ကိုဇာဂနာနဲ့အဖွဲ့ဟာ ထိုင်းနိုင်ငံကို ဒီကနေ့ ရောက်လာပါတယ်။

ဒီဇင်ဘာ ၁၇ ရက်က ၁၉ ရက်အထိ ဘန်ကောက်မြို့မှာရှိတဲ့ ရုပ်ရှင်စတူဒီယိုတွေနဲ့ ရုပ်သံသတင်းဌာနက အသုံးပြုနေတဲ့ စတူဒီယိုတွေကိုလှည့်လည်လေ့လာမယ့်အကြောင်း၊ ရုပ်ရှင်ဒါရိုက်တာတွေနဲ့လည်းတွေ့ဖို့ရှိကြောင်း ကိုဇာဂနာက RFA ကို ပြောပါတယ်။

“အဓိက ကတော့ ရုပ်ရှင်လုပ်ငန်းနဲ့ပတ်သက်ပြီး ဒီမှာ သူတို့နဲ့လာပြီး တွေ့ဆုံမေးမြန်းတဲ့သဘောပါပဲ။ ပထမတုန်းကတော့ အန်တီခေါင်းဆောင်ပြီးလုပ်ထားတဲ့ Film Festival အတွက် ရည်စူးတာပေ့ါ။ အခုတခါ ဗိုလ်ချုပ်အောင်ဆန်းကိစ္စအတွက်ပါ စတူဒီယိုတခုမှာ ပစ္စည်းတွေ ဘယ်လိုဆင်သလဲ၊ ဘယ်လိုတပ်သလဲ၊ ကင်မရာတွေ ဘယ်လိုအလုပ်လုပ်သလဲ စသဖြင့် ဒါတွေကို ဆက်ပြီး လေ့လာဖို့ တခါတည်းလုပ်လိုက်တဲ့သဘောပါပဲ”

ကိုဇာဂနာနဲ့အဖွဲ့ဟာ ဒီဇင်ဘာ ၂၀ မှာ ကမ္ဘောဒီးယားနိုင်ငံကို သွားရောက်ပြီး ရုပ်ရှင်ရိုက်ကွင်းနဲ့ပတ်သက်တဲ့ နေရာတွေကို ထပ်မံလေ့လာပါမယ်။ လေ့လာရေးအဖွဲ့ထဲမှာ ကိုဇာဂနာနဲ့အတူ လူရွှင်တော်အရိုင်းနဲ့ I.T. ပညာရှင် ကိုမောင်မောင်တို့ ပါဝင်ကြောင်း သိရပါတယ်။

# တောင်ဒဂုံစက်မှုဇုံ သစ်အချောထည်စက်ရုံအလုပ်သမားတွေ ဆန္ဒပြ

**RFA ၊ ဒီဇင်ဘာ ၁၄ ။** ။ အောင်စိန်လင်းကုမ္ပဏီပိုင် သစ်အချောထည်စက်ရုံက အလုပ်သမားတွေကို လုပ်ငန်းလိုအပ်ချက်မရှိတော့တဲ့အတွက်ဆိုကာ အလုပ်ထုတ်လိုက်လို့ အလုပ်သမားတွေက ဒီကနေ့ မနက်ပိုင်းမှာ တောင်းဆိုမှုတွေ လုပ်နေတယ်လို့ သိရပါတယ်။

အောင်စိန်လင်းကုမ္ပဏီပိုင် သစ်အချောထည်စက်ရုံဟာ တောင်ဒဂုံစက်မှုဇုန် (၁) ၂၃ ရပ်ကွက် အမှတ် ၈၅ တောင်ကြီးလမ်းနဲ့ ယောက်ကော်လမ်းထောင့်မှာရှိပါတယ်။ အလုပ်သမား ၂၂ ဦးကို ကုမ္ပဏီက ဒီဇင်ဘာ ၁၀ ရက်က အလုပ်ဖြုတ်လိုက်ပြီး ဒီဇင်ဘာ ၁၄ ရက် ဒီကနေ့မှာ နစ်နာကြေးငွေ ပေးဆောင်တဲ့ကိစ္စနဲ့ပတ်သက်လို့ မကျေနပ်ရာက တောင်းဆိုမှုပြုတာလို့ လုပ်သက် ၁၄ နှစ်ရှိ အလုပ်သမားတစ်ဦးက RFA ကို အခုလိုပြောပါတယ်။

"ကျွန်တော်တို့ ဒီနေ့မနက်ကတော့ သူတို့က ငွေထုတ်ပြီး ၄ နာရီဆို ကျွန်တော်တို့က အပြီးထွက်ပေးပေါ့။ သူတို့စာအရဆိုရင်နောက်တစ်ခုက ကျွန်တော်တို့ လျော်ကြေးပေးထုတ်တဲ့အတွက် ၆ လစာအပြင် လုပ်သက်တနစ် တထောင်နှုန်းနဲ့ ဒီလိုပေးမယ်ဆိုပြီးသူတို့လုပ်တယ်။ ဒီပေါ်မှာ ကျွန်တော်တို့က မကျေနပ်လို့ ဒီအချက်ကလေးကိုညှိပေးဖို့ပြောတာပါ။ စက်ရုံဝင်းထဲမှာပါပဲ။ ကျွန်တော်တို့ အော်လည်းမအော်ပါဘူး။ ကျွန်တော်တို့က ဥပဒေအတိုင်းဖြစ်စေချင်တာပါ"

ကုမ္ပဏီကလုပ်သက်ခံစားခွင့်တနစ်ကိုကျပ်တစ်ထောင်နှုန်းပေးတာ နည်းလွန်းတဲ့အတွက် ညှိနှိုင်းပေးဖို့တိုင်းအဆင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနကို ဒီဇင်ဘာ ၁၂ ရက်က အလုပ်သမားတွေ စုပေါင်း စာရေးသားတင်ပြခဲ့တယ်လို့လည်း သိရပါ တယ်။

တောင်ဒဂုံမြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုဦးစီးမှူး ဦးအေးဝင်းခိုင်နဲ့တောင်ဒဂုံအလုပ်သမား ညွှန်ကြားမှုဦးစီးဌာနကအရာရှိ ဦးစောစိုးတင့်နဲ့တာဝန်ရှိသူတွေက အောင်စိန်လင်းကုမ္ပဏီပိုင်း သစ်အချောထည်စက်ရုံသွားပြီး လုပ်ငန်းရှင်နဲ့အလုပ်သမားတွေကြား ညှိနှိုင်းဆောင်ရွက်ပေးပေမယ့် လုပ်ငန်းရှင်က တိုးမပေးနိုင်ကြောင်းပြောဆိုတာနဲ့ပတ်သက်လို့ ဒီအလုပ် သမားကဆက်ပြောပါတယ်။

"မြို့နယ်စစ်ဆေးရေးအဖွဲ့က ကျွန်တော်တို့အဖွဲ့တွေကို ခေါ်ပြီးပြောပါတယ်။ ကျွန်တော်တို့ တောင်းဆိုတာ ဥပဒေဘောင်ထဲမှာမရှိဘူးပေါ့။ လုပ်ငန်းရှင်ဘက်က မပေးနိုင်ရင် မင်းတို့ ဘာမှမရဘူးပေါ့။ အခုလက်ရှိ သူတို့ပေးထားတာ ဥပဒေနဲ့အညီပေးထားတာ၊ အဲဒါပဲရမယ် သူတို့က ပြောပါတယ်။ ဒါ ကျွန်တော်တို့ မယူဘူးဆိုပြီး လက်ရှိအချိန်ထိ ထိုင်နေတယ်ပေါ့"

လုပ်သက်ခံစားခွင့်ပေးတာ နည်းလို့ တောင်းဆိုနေတဲ့ အလုပ်သမား ၂၂ ယောက်ဟာ အောင်စိန်လင်းကုမ္ပဏီပိုင် သစ်အချောထည်စက်ရုံမှာ ၇ နှစ်က ၁၄ နှစ်အထိ အလုပ်လုပ်ခဲ့တဲ့သူတွေဖြစ်ပြီး လုပ်သက် ၂ နှစ်ကို တစ်လစာနှုန်းပေးဖို့ တောင်းဆိုနေပါတယ်။

---

## ထားဝယ်ရေနက်စီမံကိန်း သတင်းစာရှင်းလင်းပွဲပြုလုပ်

**RFA၊ ဒီဇင်ဘာ ၁၅ ။** ။ ထားဝယ် ရေနက်ဆိပ်ကမ်း ဆောက်လုပ်ရေးစီမံကိန်းကို ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတစ်ခု ဖြစ်စေလိုကြောင်း ဒေသခံတွေနဲ့ ဖွဲ့စည်းထားတဲ့ ထားဝယ်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့က မနေ့က သတင်းစာရှင်းလင်းပွဲမှာ တိုက်တွန်းလိုက်ပါတယ်။

နေရာရွှေ့ပြောင်းပေးရတာတွေ ရှိရင်လည်း ဒေသခံတွေရဲ့ဘဝရပ်တည်ရေးကို မထိခိုက်တဲ့ စီမံကိန်းအဖြစ် အကောင်အထည်ဖော်စေလိုကြောင်း၊ နစ်နာကြေးကို သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်း ထိုက်ထိုက်တန်တန်ပေးဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မယ့် စီမံကိန်းမျိုးမဖြစ်စေလိုကြောင်း တင်ပြသွားပါတယ်။

"လူဦးရေ ၃ သောင်းကျော်ရှိတယ်၊ ရွာပေါင်းက ၁၉ ရွာ၊ နယ်မြေအကျယ်အဝန်းက ၂၅၀ စတုရန်း ကီလိုမီတာရှိမှာပါ။ ဧကတစ်သိန်းခြောက်သောင်းကျော်မှာပါ။ အဲဒီလို သူတို့ဝိုင်းထားပြီးတော့ သစ်ပင်တွေ ရေတာတွေ၊ အိမ်တွေကို ဓာတ်ပုံရိုက်တာ တွေ၊ အိမ်ရှေ့မှာအိမ်ရှင်တွေကို ဓာတ်ပုံရိုက်တာတွေ၊ လက်မှတ်ထိုးခိုင်းတာတွေ၊ ကိုယ့်ခြံပါသွားတာတောင်မှ သူတို့ဆီမှာ ကျနော်တို့ခြံကို သစ်ပင်အရေအတွက်နဲ့ ရောင်းချင်လို့ ကမ်းလှမ်းတဲ့ပုံစံ မျိုးဖြစ်အောင် ပုံစံတွေထုတ်ပြီး လက်မှတ်ထိုးခိုင်းတာတွေရှိတယ်"

ရေနက်ဆိပ်ကမ်းဆောက်မယ့် နဘုလယ်ဒေသ ရွာ ၅ ရွာနဲ့ ရေကာတာဆောက်မယ့်နေရာက ၇ ရွာ ကို ပထမ ပြောင်းရွှေ့ပေးရမှာလို့လည်းသူကဆိုပါတယ်။ဒီသတင်းစာရှင်းလင်းပွဲကိုနေရာပြောင်းရွှေ့ပေးရသူတွေ၊ ပြောင်းရမယ်လို့ စာရင်းပေါက်နေသူတွေ ကိုယ်တိုင်လာရောက်ဆွေးနွေးတယ်လို့လည်း အမှူဆောင်က ဆက်ပြောပါတယ်။

အခုအခါ လူပေါင်း ၅၀၀ ကျော် လက်မှတ်ရေးထိုးထားပြီး သတင်းစာရှင်လင်းပွဲကို တက်ရောက်တဲ့ သတင်းထောက်တွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အသီးသီးက ပုဂ္ဂိုလ်တွေရဲ့လက်မှတ်တွေကိုလည်း ကောက်ခံမယ်လို့သိရပါတယ်။ ရရှိတဲ့ လက်မှတ်တွေကိုတော့ နိုင်ငံတော်သမ္မတဆီ ပေးပို့ပြီး ဒေသ ခံတွေရဲ့ ဆန္ဒနဲ့အညီ ထား ဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းကို အ ကောင်အထည် ဖော်ဖို့ တောင်း ဆိုသွားမယ်လို့ ဆိုပါတယ်။

---

## စစ်ပြေးဒုက္ခသည်များကို ကုလမှ အကူအညီပေးနေ

**RFA၊ ဒီဇင်ဘာ ၁၃ ။** ။ ကုလသမဂ္ဂလက်အောက်ခံ UNICEF ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ဟာ (KIA) ကချင် လွတ်မြောက်ရေးတပ်မတော်ထိန်းချုပ်ရာ တရုတ်-မြန်မာနယ်စပ် လိုင်ဇာမြို့က စစ်ပြေးဒုက္ခသည်တွေကို မနေ့က ပထမဆုံးအကြိမ် အကူအညီပေးနေပြီလို့ ရန်ကုန် ကုလသမဂ္ဂပြန်ကြားရေးတာဝန်ခံဦးအေးဝင်းကပြောပါတယ်။

"အဖွဲ့က မနေ့က ရောက်သွားတယ်လို့ သိပါတယ်။ ဒီဟာကတော့ တောက်လျှောက် သက်ဆိုင်ရာအဖွဲ့တွေအားလုံးနဲ့ ဆွေးနွေးနေတာရှိခဲ့ပါတယ်။ ဒါတွေလည်း အခုစပြီးတော့ အကောင်အထည်ဖော်တာပေါ့လေ။ နောက်လည်း ဆက်ပြီးတော့ အခြေအနေလိုအပ်သရွေ့ ကျနော်တို့ ဆက်ပြီး ပို့နိုင်ဖို့လည်း မျှော်လင့်ပါတယ်။ အရင်တုန်းက တခြား လက်လှမ်းမီတဲ့ နေရာတွေပေါ့။ လိုင်ဇာကတော့ ဒါပထမဦးဆုံးအကြိမ်ပါပဲ"

UNICEF ပေးတဲ့အကူအညီထဲမှာ စခန်းဆောက်ဖို့ တာလပတ်ဖျင်တွေ၊ အိုးခွက်ပန်းကန်တွေ၊ အသုံးအဆောင်ပစ္စည်းတွေပါတယ်လို့ သိရပါတယ်။ ကချင်ပြည်နယ်က စစ်ပြေးဒုက္ခသည်တွေဟာ ပြီးခဲ့တဲ့ ဇွန်လကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် နယ်စပ်ကို ထွက်ပြေးလာသူတွေပါ။ ဒုက္ခသည်တွေအတွက် အကူအညီ အမြောက်အမြားလိုအပ်နေတယ်လို့ ကုလသမဂ္ဂဘက်ကလည်း ပြောပါတယ်။

သမ္မတဦးသိန်းစိန်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲတွေ လုပ်နေပေမယ့် တိုက်ပွဲတွေ ဆက်ဖြစ်နေတာကြောင့် ဒုက္ခသည်စခန်းကို ကုလအနေနဲ့ပဲ လာရောက်ကူညီဖို့ KIA ကသဘော တူလက်ခံခဲ့ပါတယ်။

# ရွှေညဝါဆရာတော် ကိစ္စအပေါ် ဒေါ်အောင်ဆန်းစုကြည် အထူးစိုးရိမ်ပူပန်နေ

**DVB၊ ဒီဇင်ဘာ ၁၅ ။** ။ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် ရွှေညဝါဆရာတော်ကို ကျောင်းကနေဖယ်ရှားပြီး ကျောင်းက သင်တန်းတွေကိုလည်း ခွင့်မပြုတော့တဲ့အကြောင်း သံဃာမဟာနာယကအဖွဲ့က ညွှန်ကြားထားပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ဆရာတော်အတွက် စိုးရိမ်တဲ့ တပည့်၊ ဒကာ တွေက ဒီနေ့မနက်မှာ ဆရာတော့်ကျောင်းမှာ စုရုံးခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးတင်ဦးကလည်း အဖွဲ့ချုပ်ကိုယ်စား သွားရောက်ညှိနှိုင်းခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း ဒီကိစ္စ နဲ့ပတ်သက်လို့ စိုးရိမ်မှုရှိနေတဲ့အကြောင်း ဦးတင်ဦးက ပြောပြပါတယ်။ ဒီသတင်းကို မနေ့ညမှာကြားသိရပြီးတဲ့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်တွေ ဒီနေ့ မနက်က ဗဟိုကော်မတီအစည်းအဝေးမှာ အရေးတကြီးဆွေးနွေးခဲ့တယ်လို့ ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦးက ပြောပါတယ်။

အစည်းအဝေးကို ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ပြီး ပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြေလည်သွားဖို့ နည်းလမ်းရှာခဲ့ဖို့ သူ့ကို တာဝန်ပေးလိုက်တဲ့အကြောင်း ဒုဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

“ကျနော်တို့သွားပြီးတော့ လျှောက်ထားချင်တာကတော့သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဖန်းမော်ဆရာတော်ဘုရားကြီးကိုလည်း လျှောက်ထားချင်တာပေါ့ဗျာ။ ဒါပေမယ့် ခက်တာက သံဃာ့မဟာနာယကအဖွဲ့နဲ့ကလည်းပဲ ကျနော်တို့အဖို့က သိပ်ပြီးတော့ မနီးစပ်ဘူးခင်ဗျ။ တခါမှလည်း ကျနော်တို့က ဆက်စပ်မှုလည်း ဆက်သွယ်မှုလည်း မရှိခဲ့တော့ ဒီလိုတော့ ရှိတာပေါ့နော်။

သို့သော်လည်းပဲ ကျနော်တို့ကတော့ သပိတ်အိုင်ဆရာတော်ဘုရားနဲ့ကတော့ ဒကာမကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ကတော့ အင်မတန်ကိုပဲ ဆရာ ဒကာလို ဖြစ်နေပြီဗျ။ အဒါကြောင့်မို့လို့ အဲဒီဟာကို ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေးတယ်။

ဒီဥစ္စာကို အေးအေးချမ်းချမ်း ပြေပြေလည်လည် ဆောင်ရွက်နိုင်ဖြစ်အောင် သပိတ်အိုင်ဆရာတော်ဘုရားကြီးကိုလည်း ချည်းကပ်ပြီးတော့ပေါ့နော် လိုအပ်တာတွေ သူ့ဆီက ဩဝါဒတွေခံယူပြီးတော့ဆောင် ရွက်နိုင်အောင်လုပ်ဖို့ ကျနော် ဒီလိုတော့လည်း စိတ်ကူးထားတယ်ခင်ဗျ။”

ရွှေညဝါဆရာတော်ကလည်း ဆရာရင်းဖြစ်တဲ့ သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ဘုရားကြီးကို တွေ့ဖို့ရှိတဲ့အကြောင်း သူ့ကို မိန့်ကြားခဲ့တယ်လို့ မနက်က ဆရာတော်ကိုသွားဖူးခဲ့တဲ့ ဦးတင်ဦးကပြောပါတယ်။ တပည့်၊ ဒကာ၊ ဒကာမတွေ မပူကြဖို့ ဆရာတော်ကတဆင့် မှာကြားခဲ့တဲ့အကြောင်းလည်း ဦးတင်ဦးက အခုလိုပြောပြပါတယ်။

“ဆရာတော်ဘုရားကြီးက အေးအေးချမ်းချမ်း ဆောင်ရွက်သွားမယ့်အကြောင်းပေါ့။ ပြောလိုက်လို့ရှိရင် အကုန်လုံး ပြေလည်သွားနိုင်ပါတယ်တဲ့။ အဲဒီဟာကို ပြေလည်အောင် အားလုံးက ညှိနှိုင်းဆောင်ရွက်ပြီးမှ လုပ်ဖို့ကောင်းပါတယ်။ ဘယ်သူကမှ ဆန္ဒစောပြီးတော့ လုပ်တဲ့ကိစ္စမျိုး ဖြစ်လို့ရှိရင် ကျောင်းမှာရှိတဲ့ သံဃာတော်အတွက်ကလည်းပဲ မကောင်းပါဘူးတဲ့။

နောက်ပြီးတော့ ကိုးကွယ်နေတဲ့ ဒကာ ဒကာမတွေအတွက်လည်း အဆင်မပြေရာ ဖြစ်မယ်တဲ့ နောက်ပြီးတော့ ဆက်သွယ်လုပ်ကိုင်နေတဲ့ ကျနော်တို့ အဖွဲ့အစည်းများအနေနဲ့လည်းပဲ လုပ်ကိုင်နေတဲ့ တိုးတက်ကောင်းမွန်နေတာကိုလည်း အထစ်အငေါ့ဖြစ်မှာ စိုးတယ်ပေါ့ဗျာ။ အဲဒါကြောင့်မို့အစစအရာရာ ပြည်လည်အောင်အတွက် ဆန္ဒမစောဘဲနဲ့ အေးအေးဆေးဆေး တိုင်တိုင်ပင်ပင်လုပ်ရင် ပြေလည်နိုင်ပါတယ်တဲ့ ကျနော့်ကိုလည်း မှာလိုက်ပါတယ်။

အပြင်မှာ ရှိနေတဲ့ ပြည်သူလူထုတွေကိုလည်းပဲ အေးအေးဆေးဆေးလေးနဲ့ ပြေလည်ရာပြေလည်ကြောင်း ဖြစ်မယ့်အကြောင်း၊ ကျနော်ကပဲ သူတို့ကို ဒါကို စိတ်ထဲမှာ ဘာမှစိုးရိမ်ပူပန်ကြောင့်ကြခြင်း မရှိအောင်နေကြပါ၊ အေးအေးဆေးဆေးပြန်ကြပါနေကြပါဆိုတာကိုလည်းပဲ ပြောဆိုပေးခဲ့ပါဆိုလို့ ကျနော်က ပြည်သူလူထုကို မှာကြားပေးခဲ့ပါတယ်။”

မနက်ကတော့ ကြည့်မြင်တိုင် ရွှေညဝါကျောင်းတိုက်ကို သံဃာ့မဟာနယကဥက္ကဋ္ဌ ဖန်းမော်ဆရာတော် ကြွရောက်လာမယ်လို့ သတင်းထွက်နေတဲ့အတွက် ရဟန်းနှင့်လူ နစ်ရာဝန်းကျင် စုရုံးခဲ့ကြတယ်လို့ ၈၈ မျိုးဆက်ကျောင်းသား ကိုကိုကြီး (စမ်းချောင်း) က ပြောပါတယ်။

“ကျနော့်အမြင်ကတော့ ဒီမိုကရေစီစနစ်ကို သွားနေတယ်ဆိုတဲ့ အနေအထားနဲ့ နည်းနည်းလေး လွဲချော်နေသလိုပဲဗျ။ အခုအချိန်မှာ ဆန္ဒပြခွင့် ဥပဒေတောင် ပြဋ္ဌာန်းပြီးပြီဗျာ။ ဒီလိုမျိုး ဩဝါဒစကား ချီးမြှင့်လို့ အရေးယူတယ် ဆိုတာကတော့ နည်းနည်းလေး တခုခုတော့ လွဲနေသလိုပဲပေါ့။

အဲဒါကို ပြန်စဉ်းစားသင့်တယ်ပေါ့နော်။ အဲဒီအတွက်ကြောင့်လည်း ဒီလောက် ဖြစ်စရာမလိုဘူးလို့ ကျနော်ထင်တယ်ပေါ့နော်။ အခုကတော့ အားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ စောင့်ကြည့်နေတယ်။ ကိုယ်လုပ်စရာရှိတာကိုပဲ ဆက်ပြီးတော့ လုပ်နေကြမယ် အဲဒီလိုပဲ မြင်ပါတယ်ခင်ဗျ။”

ရွှေညဝါဆရာတော်ကို သံဃာ့မဟာနာယကပို့လိုက်တဲ့ ညွှန်ကြားစာမှာ တရားဟောခွင့်ပိတ်ပင်ခံထားရတဲ့ ဆရာတော်ဟာ နိုဝင်ဘာလအတွင်းက မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ တရားဟောတဲ့အတွက် အရေးယူတာလို့ ဖော်ပြထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မန္တလေးတိုင်းအဖွဲ့ချုပ်ကို မေးမြန်းတဲ့အခါမှာတော့ ဥက္ကဋ္ဌ ဦးသိန်းတန်က အခုလိုရှင်းပြပါတယ်။

“ဆရာတော် ကျနော်တို့ဆီမှာ လာပြောတာကတော့ ဝါးပင်လေးတွေအကြောင်းကို သူပြောသွားတယ်။ ဝါးပင်များဟာ လေယူရာ ယိမ်းပေမယ့် ဘယ်လောက်ထိခိုင်မာတယ်ဆိုတဲ့အကြောင်း၊ စည်းလုံးညီညွတ်မှုရှိတဲ့အကြောင်း၊ နိုင်ငံရေးသိပ်မပါဘူးဗျ။ ပြောတဲ့ ဟောတဲ့ အထဲမှာ ဘာတခုမှ ဘောင်လွတ်တာမပါဘူးဗျ။”

မနေ့ညနေပိုင်းက ဒီဗွီဘီက မေးမြန်းလျှောက်ထားတဲ့အချိန်မှာလည်း ရွှေညဝါဆရာတော်က ငြိမ်းချမ်းရေးကို လိုလားတဲ့ သံဃာတပါးအနေနဲ့ ငြိမ်းငြိမ်းချမ်းချမ်းပဲ ဖြေရှင်းချင်တဲ့ ဆန္ဒရှိတယ်လို့ မိန့်ကြားခဲ့ပါတယ်။

# မှတ်ပုံတင်ခွင့်ပြု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်ရန် ပြင်ဆင်

**RFA၊ ဒီဇင်ဘာ ၁၃။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီဇဘ်ာ ၁၂ ရက်စွဲနဲ့ မှတ်ပုံတင်ခွင့် ပြုလိုက် တာကြောင့် ရက်ပေါင်းသုံးဆယ်အတွင်း မှတ်ပုံတင်နိုင်ဖို့ ပြင်ဆင် နေတယ်လို့ အင်န်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။

"နေပြည်တော် မှတ်ပုံတင်သွားလျှောက်ဖို့ ကျနော်တို့ပြင်ဆင်နေပါတယ်။ ပါတီရဲ့ ဖွဲ့စည်းပုံရော၊ မူဝါဒရော၊ အဲဒီ ၂၁ ဦးကနေ ရွေးချယ်တဲ့ ပါတီခေါင်းဆောင်၊ ဒု-ခေါင်းဆောင် အဲဒါတွေ လုပ်နေရပါတယ်။ အဲဒါပြီးတာနဲ့ ကျနော်တို့သွားတင်မှာပါ"

ပြည်သူလူထု တစ်ရပ်လုံးအတွက် တစ်ဆင့်တက် လုပ်ဆောင်ဖို့ လမ်းပွင့်သွားပြီလို့ NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

"ဆက်လုပ်တဲ့နေရာမှာ တဆင့်တက်ပြီး တိုးတက်အောင် လုပ်သွားနိုင်ဖို့အတွက် သူတို့ ခွင့်ပြုပြီ ဆိုတဲ့အပေါ် မူတည်ပြီးတော့ သမ္မတကြီး ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ သဘောထားကြေညာချက်ထဲမှာ နိုင်ငံတော်နဲ့ပတ်သက်တဲ့ ပြည်သူလူထု တရပ်လုံးရဲ့တိုးတက်ရာတိုးတက်ကြောင်း၊ ရှေ့ဆက်ပြီးတော့ ပြည်သူလူထု လွတ်လပ်မှုနဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးနဲ့ ရရာရကြောင်း လုပ်ကိုင်ရန်ကိစ္စရပ်တွေပေါ်မှာ သဘောတူညီကြတယ်၊ လုပ်ကိုင်သွားမယ်ဆိုတဲ့အပေါ်မူတည်ပြီးတော့ အဲဒီတူညီချက်အရ လမ်းပွင့်သွားသလောက်ပွင့်တဲ့ အတိုင်းအတာအတိုင်း ဆက်လက်ပြီး ဆောင်ရွက်ကြတာပဲလို့ မှတ်ယူထားပါတယ်"

ရွေးကောက်ပွဲကော်မရှင်ထံ ပါတီတည်ထောင်ခွင့် လျှောက်လွှာတင်စဉ်က ပါဝင်သူ ၂၁ ဦးထဲက တချို့သာ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မှာဖြစ်ပေမယ့် အဲဒီစာရင်းမှာ ပါဝင်တဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ အလွှာမျိုးစုံ ပါဝင်မှာပါလို့ အင်န်အယ်လ်ဒီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးဝင်းတင်က ပြောပါတယ်။

"ဒီ ၂၁ ဦးဟာ နိုင်ငံရေးပုံသဏ္ဍာန် သဘောထားကို ပြတာပဲ။ ဘာလို့လဲဆိုတော့ ဒီအဖွဲ့ထဲမှာ ခေါင်းဆောင်မှု အဟောင်းထဲကကျနော်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ ၆ ယောက် ပါတယ်။ အဲဒါကလက်ရှိရှိနေတဲ့ ခေါင်းဆောင်မှုကို ကိုယ်စားပြုတဲ့ အစိတ်အပိုင်းလို့ ပြောရမှာပေ့ါ။ နောက်တခုက အမျိုးသမီးပါမယ်၊ တိုင်းရင်းသားပါမယ်၊ နောက်ပြီးတော့ လူငယ်ကျောင်းသားပါမယ်ဆိုတော့ အဲဒီအထဲမှာ ပုံသဏ္ဍာန်အားဖြင့် ၄ ခုရှိတယ်။ အမတ်လောင်းတွေ ရွေးတဲ့အခါမှာလည်းကျနော်တို့ ဒီသဘောမျိုးနဲ့ ရွေးမယ်"

အာအက်ဖ်အေရဲ့ ဒီနေ့အထိ ဆက်သွယ်မေးမြန်းချက်အရလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဦးဝင်းတင်၊ ဦးတင်ဦး၊ ဦးဉာဏ်ဝင်း၊ ဒေါ်နန်းခင်ထွေးမြင့်တို့ကတော့ မိမိတို့ ပါဝင်အရွေးခံမှာ မဟုတ်ဘူးလို့ ပြောပါတယ်။

မှတ်ပုံတင်ဖို့နေပြည်တော်ကို သွားရောက်တဲ့အခါမှာ ပါတီခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင် ကိုယ်တိုင် လိုက်ပါကြရမှာဖြစ်ပြီး မှတ်ပုံတင်ရာမှာ ဖော်ပြရမယ့် ပါတီခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင်ကို အခုရက်ပိုင်းအတွင်း ရွေးချယ်ဖို့ ရှိပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: mgthuka@gmail.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**